
ပွင့်ဦးမေတ္တာ ချူလှည့်ပါ
နှင့်
အခြားကဗျာများ
တက္ကသိုလ်စိုးယဉ်

စာပေဝတ္ထု ၊ ရတုကဗျာ
လက်ာပန်းမိုး ၊ ရွာသွန်းဖြိုးလျက်
အမျိုး၏ဂုဏ် ၊ ဇာတိဂုဏ်
စာပေဂုဏ်ကို မြှင့်တင်မည်။
နိုင်ငံ့ဂုဏ်ရည် စွမ်းဆောင်တည်။

(နိုင်ငံ့ဂုဏ်ရည် စာပေတိုက်)

**ပုံနှိပ်မှတ်တမ်း**

**ထုတ်ဝေသည့်ကာလ**

၂၀၂၀ ခုနှစ်၊ ဇူလိုင်လ

**အုပ်ရေ** - ၁၀၀၀

**တန်ဖိုး**- (၂၀၀၀ိ/-)

**ထုတ်ဝေသူ**

ဦးအုန်းမောင်(မြ-၀၁၂၇၇)

**ပုံနှိပ်သူ**

ဦးအုန်းမောင်(မြ-၀၁၀၈၂)

နိုင်ငံ့ဂုဏ်ရည်ပုံနှိပ်တိုက် ၊ အမှတ် ၂၁၁၊ ၃၉-လမ်း

ကျောက်တံတားမြို့နယ် ၊ ရန်ကုန်။

**မျက်နှာဖုံးဒီဇိုင်း**

ကျော်ကျော် (နိုင်ငံ့ဂုဏ်ရည်)

**ဖြန့်ချိရေး**

**နိုင်ငံ့ဂုဏ်ရည်စာပေတိုက်**

ရန်ကုန်ဘူတာကြီး၊ အမှတ် (၁) စင်္ကြံ၊

(ပန်းဆိုးတန်းခုံးကျော်တံတားအောက်) ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊

ကန်တော်ကလေးစာတိုက်၊ ရန်ကုန်မြို့။ (ဖုန်း- ၀၉ ၉၇၃ ၆၅၃ ၆၂၅)

၈၁၉

ပွင့်ဦးမေတ္တာချုလှည့်ပါနှင့် အခြားကဗျာများ

နိုင်ငံ့ဂုဏ်ရည်၊ ရန်ကုန်။

စာမျက်နှာ - ၁၆၄၊ ၁၂. ၅ စင်တီ × ၁၈. ၅ စင်တီ

# ပွင့်ဦးမေတ္တာချူလှည့်ပါ
# နှင့်
# အခြားကဗျာများ

## တက္ကသိုလ်စိုးယဉ်

နိုင်ငံဂုဏ်ရည်စာစဉ် (၂၄၀)

# မာတိကာ


| | | |
|---|---|---|
| – | မြင်းမူမောင်နိုင်မိုး၏ အမှာစာ | ၁၄ |
| ၁။ | အံ့ထူးဝေဆာသခွေါ် | ၁၇ |
| ၂။ | လူမှိုနီသာမေ အင်ကြင်းတော | ၂၀ |
| ၃။ | အမေ့ရွာ | ၂၃ |
| ၄။ | ကမ္ဘာငြိမ်းချမ်းရေး | ၂၆ |
| ၅။ | ပြုံးပန်းတစ်ရာပွင့်ပါစေ | ၂၇ |
| ၆။ | နေနှင့်လ | ၂၉ |
| ၇။ | စုန်ရေမေတ္တာ မိမာတာ | ၃၀ |
| ၈။ | မိမိကိုယ်မိမိဆန်းစစ်ခြင်း | ၃၀ |
| ၉။ | နွေသင်တန်းများပြီးချိန် | ၃၂ |
| ၁၀။ | သတ္တိ | ၃၃ |
| ၁၁။ | သားသားနှင့်အပြိုင် | ၃၅ |
| ၁၂။ | လူငယ့်ရှေ့ဆောင်မီးရှူးရောင် | ၃၆ |
| ၁၃။ | သာလေသာစွမြန်မာ့မြေ | ၃၇ |
| ၁၄။ | ရှောင်လေဝေးဝေးခုစရိုက်ဘေး | ၃၈ |
| ၁၅။ | လုပ်သားတံခွန် | ၃၉ |
| ၁၆။ | အိပ်မက် | ၄၀ |
| ၁၇။ | ဆယ့်ကိုးရာလိုင်မေ့ပါနိုင် | ၄၁ |
| ၁၈။ | လဒီဇင်ဘာရှခင်းသာ | ၄၃ |
| ၁၉။ | ပင်အို | ၄၄ |
| ၂၀။ | အလုပ်ဖြင့်ပြန်လည်ပေးဆပ်ကြပါ | ၄၅ |
| ၂၁။ | ခုတိယယလီလက်ခုပ်ကုန်းဆီသို့ | ၄၆ |
| ၂၂။ | ရွှေမေတ္တာမိုး | ၄၇ |
| ၂၃။ | နိုင်ငံသားတိုင်း၏မွေးရာပါတာဝန် | ၄၈ |

| | | |
|---|---|---|
| ၂၄။ | အလုပ်သမားနေ့တွင်ဂုဏ်ပြုကြပါစို့ | ၅၀ |
| ၂၅။ | တန်ဆောင်တိုင်အလှ | ၅၁ |
| ၂၆။ | ပြည်ချစ်စစ်သား | ၅၃ |
| ၂၇။ | ပျောက်သွားသူ | ၅၄ |
| ၂၈။ | ခါသကြိန် | ၅၅ |
| ၂၉။ | အမွေ | ၅၆ |
| ၃၀။ | ရနံ့သင်းထုံစာပန်းရုံ | ၅၇ |
| ၃၁။ | ဒေါနအချစ် | ၅၈ |
| ၃၂။ | ငယ်သူငယ်ချင်းအိုရောင်းရင်း | ၅၉ |
| ၃၃။ | နယ်ချဲ့ဘီလူး | ၆၁ |
| ၃၄။ | ချစ်စကိုရှည်စေ | ၆၂ |
| ၃၅။ | နှလုံးလှရန် | ၆၃ |
| ၃၆။ | အသိမြွတ် | ၆၄ |
| ၃၇။ | လှိုက်ကော်အလှ သာမောစွ | ၆၅ |
| ၃၈။ | ကျေးလက်အလှ | ၆၇ |
| ၃၉။ | ကျိုးမိုက် | ၆၉ |
| ၄၀။ | လုပ်သားအားမာန် | ၇၀ |
| ၄၁။ | အမျိုးသားပြန်လည်ပေါင်းစည်းရေးအောင်ပန်း | ၇၁ |
| ၄၂။ | စကားကြီးလေးခွန်း | ၇၂ |
| ၄၃။ | တောအလှ | ၇၃ |
| ၄၄။ | ပန်းတိုင်သို့ | ၇၄ |
| ၄၅။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးသို့ | ၇၅ |
| ၄၆။ | ဘိုးဘွားအမွေ | ၇၇ |
| ၄၇။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရတုပိုဒ်စုံ | ၇၈ |
| ၄၈။ | မျိုးတိုင်းကြိုက်တဲ့နှင်းဆီခိုင် | ၇၉ |
| ၄၉။ | မြွတ်သုခ | ၈၂ |

| | | |
|---|---|---|
| ၅၀။ | ခေတ်သစ်ဆုံးမစာ | ၈၃ |
| ၅၁။ | နှစ်သစ်မင်္ဂလာ | ၈၅ |
| ၅၂။ | နို့တာဝန် | ၈၆ |
| ၅၃။ | သာဆန်းစုံတဲ့တပန်းရုံ | ၈၈ |
| ၅၄။ | မြန်မာ့ဂုဏ်ရည် သာသနာ့အာဇာနည် | ၈၉ |
| ၅၅။ | အမေ့ရှာ | ၉၁ |
| ၅၆။ | ထူးတဲ့ဒိပွဲ | ၉၃ |
| ၅၇။ | ပင်ချင်းဆက်၍ကိုင်းချင်းယှက်ခါ | ၉၅ |
| ၅၈။ | ပင်လုံစိတ်ဓာတ် | ၉၇ |
| ၅၉။ | နှစ်များခွန့်ရှည်အောင်ပန်းဝေ | ၉၈ |
| ၆၀။ | သားကောင်းစစ်သည် | ၉၉ |
| ၆၁။ | မှန်မြတ်သော ကရုဏာရှင်များ | ၁၀၀ |
| ၆၂။ | သာစွဌာနေ အညာမြေ | ၁၀၂ |
| ၆၃။ | လယ်တောကိုသွားကြမယ်လေ | ၁၀၄ |
| ၆၄။ | ပြုံးရွှင်ရွှင်တိရ နွှာန်ဥယျာဉ် | ၁၀၅ |
| ၆၅။ | တိုင်းပြည်အရေးတို့အရေး | ၁၀၆ |
| ၆၆။ | မျိုးချစ်သူရဲကောင်းတို့၏မြတ်သောအလုပ် | ၁၀၇ |
| ၆၇။ | တွဲထားလက်တွေမဖြုတ်လေနှင့် | ၁၀၉ |
| ၆၈။ | မြင်ချစ်စမ်းပါဘိ | ၁၁၀ |
| ၆၉။ | သာစွဌာနေရွှေကူမြေ | ၁၁၂ |
| ၇၀။ | မှန်သားမေတ္တာချိန်ခွင်လျှာ | ၁၁၃ |
| ၇၁။ | ဆန်းစစ်ချက် | ၁၁၄ |
| ၇၂။ | လာခဲ့ပါလေအိုအဆွေ | ၁၁၅ |
| ၇၃။ | ကမ္ဘာတစ်ဝန်းသင်ခန်းစာ | ၁၁၇ |
| ၇၄။ | ပွဲဒါညောင်ရေ | ၁၁၈ |
| ၇၅။ | စွမ်းအားထက်သန်ဇာတိမာန် | ၁၂၁ |

| | | |
|---|---|---|
| ၇၆။ | မြို့ကျက်သရေ | ၁၂၃ |
| ၇၇။ | မြတ်သုခ | ၁၂၄ |
| ၇၈။ | ဝိတောက်သင်းကြိုင်အလှပြိုင် | ၁၂၅ |
| ၇၉။ | မွေးမေ့မေတ္တာ | ၁၂၆ |
| ၈၀။ | ချိန်ခွင်လျှာ | ၁၂၇ |
| ၈၁။ | ခရီးသည်ဘယ်လဲ | ၁၂၈ |
| ၈၂။ | ခါသကြိန် | ၁၂၉ |
| ၈၃။ | ဘဝင်သို့တိုင်လျှိုင်စေလော့ | ၁၃၁ |
| ၈၄။ | ပြည်သူ့အတွက်တစ်မတော် | ၁၃၂ |
| ၈၅။ | ခေတ်ဆန်းမြန်မာစာရှေ့ပြည်သာလိမ့် | ၁၃၃ |
| ၈၆။ | အောင်ပွဲမြိမ့်ညံ ညီလာခံ | ၁၃၄ |
| ၈၇။ | ပြည်ထောင်စုအမွေ | ၁၃၅ |
| ၈၈။ | အလှမြတ်နိုးစိုက်ပျိုးလေ | ၁၃၆ |
| ၈၉။ | သာစွလေမြန်မာ့မြေ | ၁၃၇ |
| ၉၀။ | စေတနာမိုးရွာသွန်းဖြိုး | ၁၃၉ |
| ၉၁။ | မြန်/ဆက်တက္ကသိုလ် | ၁၄၁ |
| ၉၂။ | ကြားနာတရားကျိုးငါးပါး | ၁၄၂ |
| ၉၃။ | သီတင်းကျွတ်ပြီ | ၁၄၃ |
| ၉၄။ | ငါးလကင်းလွတ်သီတင်းကျွတ် | ၁၄၄ |
| ၉၅။ | နှစ်ဆန်းကမ္ဘာပို့မေတ္တာ | ၁၄၅ |
| ၉၆။ | အရံပ် | ၁၄၇ |
| ၉၇။ | ညီလေးမောင်သို့ | ၁၄၈ |
| ၉၈။ | ဦးညွှတ်ကြိုဆိုဂုဏ်ပြုပါ၏ | ၁၄၉ |
| ၉၉။ | ခါသကြိန် | ၁၅၁ |
| ၁၀၀။ | စက်ဝိုင်းသံသရာ | ၁၅၂ |
| ၁၀၁။ | ပျိုတိုင်းကြိုက်တဲ့ရွှေနှင်းဆီ | ၁၅၃ |

| | | |
|---|---|---|
| ၁၀၂။ | လှည်းဘီးပမာ | ၁၅၄ |
| ၁၀၃။ | တောင်မြင်းမိုရ်သို့ | ၁၅၅ |
| ၁၀၄။ | မေဒေးအဓိဋ္ဌာန် | ၁၅၆ |
| ၁၀၅။ | ကြံ့ခိုင်ရေး | ၁၅၇ |
| ၁၀၆။ | ကျောင်းသား အားကစားပွဲတော် | ၁၅၈ |
| ၁၀၇။ | ရွှေမိုးငွေမိုး | ၁၆၀ |
| ၁၀၈။ | သတ္တိမာန်ဟုန်လေထီးရှိန် | ၁၆၁ |
| ၁၀၉။ | လွတ်လပ်ရေး | ၁၆၂ |
| ၁၁၀။ | ပွင့်ဦးမေတ္တာ | ၁၆၃ |

# ဦးစိုးဝင်း (တက္ကသိုလ် စိုးယဉ်)
# ကိုယ်ရေးမှတ်တမ်းအကျဉ်း



| | | | |
|---|---|---|---|
| ၁။ | အမည် | - | ဦးစိုးဝင်း |
| ၂။ | ကလောင်အမည် | - | တက္ကသိုလ်စိုးယဉ် |
| ၃။ | ကလောင်အမည်ခွဲများ | - | စိုးဝင်း (မြစ်ခြေ)၊ ရဲဘော်စိုးဝင်း(လှိုင်) |
| ၄။ | မိဘအမည် | - | ဦးသာတင့်၊ ဒေါ်အိမ်မြိုင် (ပွဲစားကြီး၊ သမစိတ္တပွဲရုံ၊ မြစ်ခြေမြို့) |
| ၅။ | ပညာအရည်အချင်း | - | B.A (History), M.A (Q) |
| ၆။ | အသင်း | - | မဟာမင်္ဂလမမ္မဇောတိကဓဇ-YMBA |
| ၇။ | ဘာသာရေး | - | အစိုးရစစ် အဘိဓမ္မ၌ သဂြိုဟ် (၃) ပိုင်းအောင် (၁၉၅၄) ပခုက္ကူခရိုင် ဗုဒ္ဓဘာသာစာမေးပွဲ (ခရိုင်ဒုတိယဆု) (၁၉၅၉) |
| ၈။ | မွေးဖွားရာဇာတိ | - | ပခုက္ကူမြို့နယ်၊ မြစ်ခြေမြို့နယ်ခွဲ၊ စံကျောင်းကျေးရွာ |
| ၉။ | လူမျိုး၊ ဘာသာ | - | ဗမာ၊ ဗုဒ္ဓဘာသာ |
| ၁၀။ | အသက် | - | ၈၀ နှစ် |

၁၁။ မွေးနေ့ မွေးရက် - ၁၃၀၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၆) ရက် (၁၉-၁၁-၄၀)

၁၂။ အလုပ်အကိုင် - စာတည်းအဖွဲ့ဝင် (ငြိမ်း) မြဝတီစာပေတိုက်၊ ကာကွယ်ရေးဝန်ကြီးဌာန (၁၉၉၁ မှ ၂၀၀၁ အထိ)

**ဆောင်ရွက်ခဲ့သည့်တာဝန်များ**

(၁) YMBA အသင်းချုပ်အမှုဆောင် (၂၀၀၃ မှ ၂၀၀၈ အထိ)
အသင်းချုပ် ဥက္ကဋ္ဌ (၂၀၀၈ မှ ၂၀၁၀ အထိ)
အသင်းချုပ် နာယက (ယခုလက်ရှိ)

(၂) မင်္ဂလာတောင်ညွန့်မြို့နယ်၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ (၁၉၉၆ မှ ၁၆-၆-၂၀၁၂ ထိ)

(၃) မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုဦးစီးအဖွဲ့ဝင် (၁၉၉၆ မှ ၁၆-၆-၂၀၁၂ ထိ)

(၄) မြန်မာနိုင်ငံစာရေးဆရာအသင်း (ဗဟိုအမှုဆောင်ကော်မတီဝင်) (၁၆-၆-၂၀၁၂ မှ ယခုထိ) မင်္ဂလာတောင်ညွန့်မြို့နယ်စာရေးဆရာအသင်း၊ ဂုဏ်ထူးဆောင်နာယက

(၅) ဗဟန်းမြို့နယ်၊ မဟာစည်သာသနာ့ရိပ်သာကြီး ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ် (အမှုဆောင်) (၁၉၉၂ မှ ယနေ့အထိ)

(၆) အထက်ပါရိပ်သာ မဟာစည်သတင်းလွှာမဂ္ဂဇင်းစာတည်း/စာတည်းချုပ် (၂၀၀၀ ပြည့်မှ ယနေ့ထိ)

(၇) မဟာစည်ရာပြည့်မော်ကွန်း အမှုဆောင်စာတည်း (၂၀၀၄ ခုနှစ်)

(၈) ဆရာချစ်ဦးညို ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ချမ်းအေးမွှေစာဆိုပညာရှင်ကြီးများ ပူဇော်ဂုဏ်ပြုရေးအဖွဲ့အမှုဆောင် (၂၀၀၀ ပြည့်နှစ်မှယနေ့ထိ)

(၉) အယ်ဒီတာချုပ် ဒေါက်တာသက်ဆွေထုတ်ဝေသော ဇီဝကမဂ္ဂဇင်း အတိုင်ပင်ခံစာတည်း (၂၀၀၅ မှ ယနေ့ထိ)
(၁၀) ဆရာဦးဌေးလှိုင်စီစဉ်သော "ခရီးဖော်ဓမ္မရသမဂ္ဂဇင်း" နာယက (၂၀၁၀ ခုနှစ်)
(၁၁) ပခုက္ကူအသင်း (ရန်ကုန်) အမှုဆောင်/တွဲဖက်/ဒုတိယဥက္ကဋ္ဌ (၁၉၈၆ မှ ၉-၂-၂၀၁၃ ထိ)၊ အသင်းနာယက (၉-၂-၂၀၁၃) မှစ၍
(၁၂) ဆိပ်ဖြူမြို့နယ်အသင်း (ရန်ကုန်) နာယက (၁-၁-၂၀၁၁ မှစ၍)
(၁၃) မြစ်ခြေနယ်အသင်း (ရန်ကုန်) နာယက (၁-၁-၂၀၁၂ မှစ၍)
(၁၄) အယ်ဒီတာချုပ် ဆရာဦးထွန်းလွင် စီစဉ်သော ရတနာမွန်မဂ္ဂဇင်း စာတည်းအဖွဲ့ဝင် (၂၀၀၃ မှ ၂၀၀၈ အထိ)
(၁၅) ပခုက္ကူအသင်း (ရန်ကုန်) မဂ္ဂဇင်းအယ်ဒီတာ (၂၀၀၂ ခုနှစ်)
(၁၆) ပခုက္ကူအသင်း (ရန်ကုန်) နှစ် ၅၀ ပြည့် ရွှေရတုမဂ္ဂဇင်း တာဝန်ခံ စာတည်း (၂၀၁၀)
(၁၇) မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း (မြန်စာပြန့်) ဗဟိုအမှုဆောင် ဒုတိယဥက္ကဋ္ဌ (၃)
(၁၈) မြန်ပြာကျေးလက်ဒေသ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အဖွဲ့ အဖွဲ့ဝင် (၁၇-၂-၂၀၁၇ မှစ၍)

**စာပေရေးသားထုတ်ဝေမှု**

၁။ ဗို့ခေတ်လုပ်သားပြန့်စွမ်းအားစာအုပ် (၁၉၈၀ ခုနှစ်)
၂။ ဇာနည်သွေးကလေးကဗျာများစာအုပ် (ပ-ကြိမ်၊ ၁၉၈၃ ခုနှစ်)
၃။ ဇာနည်သွေးကလေးကဗျာများစာအုပ် (ဒု-ကြိမ်၊ ၁၉၈၄ ခုနှစ်)
၄။ သုံးပွင့်တစ်ခိုင် အထက်တန်းမြန်မာစာစီစာကုံး (၃ ဦးပေါင်း၊ ၂၀၀၂ ခုနှစ်)
၅။ ဝလုံးလေးနှင့် အခြားကဗျာများစာအုပ် (၂၀၀၇ ခုနှစ်)
၆။ ဦးစိုးဝင်း စိန်ရတုမွေးနေ့လက်ဆောင်စာအုပ် (၂၀၁၅ ခုနှစ်)

## မြင်းမူမောင်နိုင်မိုး၏အမှာစာ

စာရေးဆရာ၊ ကဗျာဆရာကြီး တက္ကသိုလ်စိုးယဉ်က သူ၏ကဗျာပေါင်းချုပ်စာအုပ်တွင် အမှာစာရေးပေးပါဟု ဆိုလာသည်။ သူ့စာအုပ်ကလေး၏ ခေါင်းစီးမှာ **"ပွင့်ဦးမေတ္တာချုလှည့်ပါနှင့်အခြားကဗျာများ"**ဖြစ်လေသည်။

ဆရာ တက္ကသိုလ်စိုးယဉ်သည် ရဲဘော်စိုးဝင်း(လှိုင်)၊ စိုးဝင်း(မြစ်ခြေ) အစရှိသော ကလောင်အမည်များနှင့်လည်း ကဗျာတွေ၊ စာတွေ ရေးသားဖွဲ့ဆိုပါသည်။ ယနေ့ခေတ်ကာလတွင် မြန်မာဂန္ထဝင်ကဗျာများကို ပစ်ပယ်လိုသူများ၊ မလေးမစားပြုသူများ များစွာပေါ်ပေါက်နေချိန်တွင် ကဗျာပေါင်းချုပ်စာအုပ်ထုတ်ဝေသည်အထိ မြန်မာဂန္ထဝင်ကဗျာကို နှစ်သက်မြတ်နိုးလှသော ဆရာ တက္ကသိုလ်စိုးယဉ်ကို အထူးပင် လေးစားမိပါသည်။ ဤစာအုပ်သည် ဆရာ၏ပထမဆုံးအကြိမ် လုံးချင်းကဗျာစာအုပ်တော့ မဟုတ်ပေ။ ဇာနည်သွေးကလေးကဗျာများစာအုပ်ကို (၁၉၈၃)တွင် တစ်ကြိမ်၊ (၁၉၈၄)တွင် တစ်ကြိမ် ထုတ်ဝေခဲ့သည်။ ထို့ပြင် ဝလုံးလေးနှင့်အခြားကဗျာများ (၂၀၀၇)၊ ဘဝဝန်းကျင်ပန်းဉယျာဉ်ကဗျာများ (၂၀၁၈)၊ ကျေးရူးသစ္စာမမေ့ပါနှင့် အခြားကဗျာများ (၂၀၂၀) အစရှိသည့် စာအုပ်များကိုလည်း အောင်မြင်စွာ ထုတ်ဝေခဲ့ပြီးဖြစ်လေသည်။ ယခု ထုတ်ဝေမည့် **"ပွင့်ဦးမေတ္တာချုလှည့်ပါနှင့်အခြားကဗျာများ"** စာအုပ်သည်ကား ဆရာ၏ငါးအုပ်မြောက် ကဗျာပေါင်းချုပ်စာအုပ်ပင်ဖြစ်ပေသည်။

ဤစာအုပ်၏ထူးခြားချက်မှာကား အကြောင်းအရာစုံ၊ ရှုဒေါင့်စုံမှ ရေးသားဖွဲ့ဆိုထားသော ကဗျာများပါဝင်နေခြင်းပင်ဖြစ်၏။ ဘာသာသာသနာကို ချီးမြှောက်ရိုကျိုး ရှိခိုးပူဇော်အပ်သော ကဗျာများ၊ အမိအဖအဆွေအမျိုးတို့၏ မေတ္တာတရားကို ဖွဲ့ဆိုသောကဗျာများ၊ မြန်မာပြည်သူတို့၏စံပြခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၏ အတုယူဖွယ်ဂုဏ်ဖြပ်များကို ဖွဲ့ဆိုသည့်ကဗျာများ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရိုးရာယဉ်ကျေးမှုထုံးဓလေ့များနှင့် အမိမြေ အမိနိုင်ငံ၏အလှကို ဖော်ကျူးသည့်ကဗျာများ၊ ပြည်ထောင်စုစိတ်ဓာတ် ထာဝရခိုင်မြဲရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတို့အတွက် နှိုးဆော်တိုက်တွန်းသည့်ကဗျာများ၊ လယ်ယာမြေ၏အလှ၊

စစ်သည်တို့၏အားမာန်၊ နိုင်ငံ၏လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်ရေး၊ ကျောင်းသားအားကစားပွဲတော် အစရှိသည့် ကဏ္ဍအသီးသီးကို ဖော်ကျူးသည့် ရသမြောက်ကဗျာများ စုစုပေါင်း ကဗျာ (၁၁၀)ပုဒ် ပါဝင်သည်ကို တွေ့ရှိရသည်။

ဆရာ တက္ကသိုလ်စိုးယဉ်၏ ကဗျာများသည် မြန်မာကဗျာစပ်ထုံး စပ်နည်းနှင့် ညီညွတ်၏။ ဖတ်၍ရွတ်၍ အသံသာအောင် ကာရန်လှလှ၊ စကားလုံးလှလှများနှင့် သီကုံးဖွဲ့နွဲ့ထား၏။ ဤစာအုပ်ပါ ကဗျာများအားလုံးသည် မဂ္ဂဇင်းစာစောင်အသီးသီးတွင် ဖော်ပြပါရှိပြီးဖြစ်ရကား ကဗျာအားလုံးသည် အပြစ်ကင်းစင် ရှုတိုင်းယဉ်သော ပန်းကလေးများနှယ် လှပတင့်တယ်ပါပေ၏။ ကဗျာတစ်ပုဒ်စီတွင် အကျိုးပြုရည်ရွယ်ချက်တစ်ခုစီ ပါဝင်လေသဖြင့်သာ သက်ဆိုင်ရာ အယ်ဒီတာများက အဆင့်ဆင့်စိစစ်ကာ ဖော်ပြခဲ့သဖြင့် မဂ္ဂဇင်းစာစောင်များ၏ စာမျက်နှာတွင် ပုံရိပ်ထင်နိုင်ခဲ့ခြင်း ဖြစ်ပေသည်။

အထူးဖော်ပြလိုသည်မှာကား ဆရာ တက္ကသိုလ်စိုးယဉ်၏ စေတနာမေတ္တာပင်ဖြစ်၏။ သူသည် အမြဲတစေ လျှံဒါန်းပေးကမ်းလိုသည့် သဒ္ဓါတရားနှင့် ပြည့်စုံသူဖြစ်ကြောင်း၊ သူ့အပေါင်းအသင်း၊ သူ့မိတ်ဆွေများအားလုံးက သိကြပါ၏။ ထို့ပြင် အမျိုးဘာသာ၊ သာသနာအတွက် မြန်မာနိုင်ငံကြီး ထာဝရ စည်ကားသာယာရေးအတွက် အမြဲစိတ်ဆန္ဒပြင်းပြသူလည်း ဖြစ်ပါ၏။ သူရေးဖွဲ့ခဲ့သော အောက်ပါကဗျာလေးကို ဖတ်ရှုကြည့်စေချင်သည်-

## လာခဲ့ပါလေ ဒိုအဆွေ

* အမျိုးဘာသာ သာသနာ
စည်သာဖူးပွင့်
မင်္ဂလာထူးတင့် မိမြန်ပြေ (ပြည်)။

* လွတ်လပ်ရေးပန်း
မြဲဆင်မြန်းသပ
အသည်းရှင်လန်းကြ မိမြန်မာပြေ (ပြည်)။

* စိန်ရွှေရတနာ
ကုဋေကုဋာ တွင်းထွက်
ဝေဖြာလျှမ်းလက် မိမြန်ပြေ (ပြည်)။

*　　မေတ္တာစေတနာ
　　ဇွေရွာဖြိုးမောက်
　　ဝေဖြာတန်ခိုးတောက် မိမြန်ပြေ (ပြည်)။
*　　အပေးအယူမျှတ
　　ဖေးကူမ လို့
　　အေးအတူ ပူအမျှ မိမြန်ပြေ (ပြည်)။
*　　အရာရာမှာ
　　ကိုယ်ချင်းစာတရား
　　ကရုဏာပွားတဲ့ မိမြန်ပြေ (ပြည်)။
*　　ပေးကမ်းစွန့်ကြ
　　မိုးပုလဲတို့
　　တဖွဲဖွဲရွာတဲ့ မိမြန်ပြေ (ပြည်)။
*　　မိမြန်ပြေ (ပြည်) ၊ တက်ဖြိုးဝေတဲ့
　　ရွှေနိုင်ငံသို့ ၊ ဝေလျှံပြည့်သိပ်
　　မေတ္တာစိတ်ဖြင့် ၊ ဆွေမိတ်အများ
　　ဖိတ်လွှာပါးသည် ၊ စီးပွားရွှေရည်ဝင်းပါစေ
　　ကြီးပွားနေခြည် လင်းပါစေ။ ။

ဆရာ တက္ကသိုလ်ဖိုးယဉ်က သူ၏ရင်မှပွင့်ဖူးလာသော ကဗျာလေးများကို ပန်းကလေးများနှယ် တင်စားလျက် ကဗျာချစ်သူ၊ စာချစ်သူတို့ကို ထိုပန်းကလေးများ၏ မွှေးရနံ့ကို ခံစားနိုင်ရန် ဖိတ်ခေါ်ကမ်းလှမ်းလိုက်သည်မှာ ကား... **"ပွင့်ဦးမေတ္တာချလှည့်ပါ"** ဟူသတည်း။

ချစ်သော ... စာရှုသူ...

ရိုးသားပွင့်လင်းသော စေတနာသဒ္ဓါတရား အားကောင်းလှသော၊ မေတ္တာဖြင့်သာ ဖြန့်ကျက်နေထိုင်ပါသော ကဗျာဆရာကြီးတစ်ဦး၏ ရင်တွင်းက ပန်းအလှများကို ချမ်းမြစွာ ဆွတ်ချူပန်ဆင်နိုင်ကြပါစေသတည်း။ ။

* * *

**မြင်းမူမောင်နိုင်မိုး**



ဒုံ့ထူးဝေဆာ သဒ္ဓေါ

## အံ့ထူးဝေဆာ သန္တာခါ

(၁)

ပဒုမ္မသန္တာ ၊ နေစဉ်အခါ
ပြင်းစွာငေးလျှင် ၊ တုန်လှုပ်မြင်ခဲ့
မမြင်သူများ ၊ မြင်လာပြောခဲ့
မကြားသူပင် ၊ ပြန်ကြားရှင်ခဲ့
အ-လျှင်ပြန်ကောင်း ၊ ကုန်းကွကောင်းခဲ့
ခြေဆွံ့ကောင်းဖြစ် ၊ နွမ်းညစ်မှေးမှိန်
နှောင်အိမ်လွတ်ပြီး
ငရဲမီးငြိမ်း ၊ ပြိတ္တာငြိမ်းခဲ့ ၊
အေးငြိမ်းသုခ -ဖြာဖြာဝေ။

(၂)

လွတ်ငြိမ်းတိရစ္ဆာန် ၊ သတ္တဝါမှန်သမျှ
ချမ်းသာရခါ ၊ ကြည်သာစကား
ဆိုကြပြော၍ ၊ မြင်းများရှင်ဟီ
ဆင်မြည်သာယာ ၊ တူရိယာစုံ
သံစုံကျူးညင်း ၊ ခြေချင်းလက်ကောက်
အလိုလျောက်မြည်ကာ ၊ လဟာခပင်း
ရှုမြင်ကွင်းတို့ ၊ သန့်ရှင်းကြည်လင်
လေညင်းနှင်ပြီး ၊ မိုးကြီးရွာသွန်း - သွန်းဖြိုးဝေ။

(၃)

✍ မြေတွင်းရေထွက် ၊ ငှက်မျိုးစုံနား
မြစ်များတနံ့ရပ် ၊ ချိုလတ်သမုဒ္ဒရာ
ရှစ်မျက်နှာရပ် ၊ ကြာစုံပတ်လွှမ်း
ကြည်းပန်းရေပန်း ၊ ဖြိုင်တူလန်းစွင့်
ပင်စည်ပွင့်ပန်း ၊ အဆန်းတကြယ်
ခက်-နွယ်တွင်ပွင့် ၊ မိုးတံပွင့်တဲ့
ပန်းပွင့်ဝေဆာ ၊ လွန်ကဲစွာပင်
ကျောက်ဖျာတွင်ပွင့် ၊ ခုနစ်ဆင့်တွဲ
တွဲရရွဲကြာ ၊ ကောင်းကင်မှာပင်
တင့်တယ်လွင်ခါ ၊ ဝန်းကျင်ပန်းမိုး
ရွှသွန်းဖြိုး၍ ၊ ရွှေမိုးရွာသွန်း-သွန်းဖြိုးဝေ။

(၄)

✍ အံ့ဆန်းဝေဖြာ ၊ ကောင်းကင်မှာပင်
တူရိယာနတ် ၊ မတီးခတ်ဘဲ
မြည်လတ်ထံတျာ ၊ ထူးတင့်သာ၏
မြတ်စွာဗုဒ္ဓ ၊ ဝါဆိုလပြည့်
သန္ဓေရှိခဲ့ ၊ ထူးတဲ့ဂုဏ်အင်
နိမိတ်စင်စစ် ၊ သုံးဆယ့်နှစ်ပါး
ဖြစ်ခဲ့ပြားသည့် ၊ ထူးခြားဂုဏ်အင်
စုံအလင်ကို ၊ ကျွန်လျှင်ရှိခိုး
သဒ္ဓါမိုးကြောင့် ၊ ဖြိုးလက်ဝေဆာ
ပဒေသာသို့ ၊ လိုရာဆန္ဒ
ပြည့်ဝရပါလို၏ ဘုရား။ ။

*(၁-၉-၁၉၉၅ နေ့ထုတ် မြဝတီမဂ္ဂဇင်း၊ စာမူခ ၂၀၀/-)*

## လုမ္ဗိနီသာမော အင်ကြင်းတော

သာယာ နုပျို ၊ စိမ်းစို ညို့မှိုင်း
ရှုလိုက်တိုင်းနော် ၊ တင့်တယ်ပျော်ရာ
ဥယျာဉ်သာတွင် ၊ ဝေဖြာ မွှေးကြိုင်
အင်ကြင်းခိုင်တို့ ၊ အပြိုင်အဆိုင်
လှချင်းပြိုင်သည် ၊ လုမ္ဗိနီသာမော
အင်းကြင်းတော။

ပင်လုံးကျွတ်မျှ ၊ ပွင့်နေကြသည့်
အလှရောင်စုံ ၊ အင်ကြင်းရုံကား
အာရုံတပ်မက် ၊ မခွာရက်အောင်
စိတ်လက် ရွှင်ကြည် ၊ ချမ်းသာ ပီတိ
ဂွမ်းဆီထိမျှ ၊ ဆန်းကြယ်လှစည်
လုမ္ဗိနီသာမော အင်းကြင်းတော။

✍ လေညင်း ဆောင်ရာ ၊ လွင့်ပါ ဝေမျော
အင်ကြင်းတော၏ ၊ မွှေးသော ရနံ့
ဆွတ်ပျံ့ လှိုင်ကြူ ၊ မြူဆွယ်သမှု
ကယုကယင် ၊ ဆွဲငင်ဖမ်းစား
သူ့စွမ်းအားကြောင့် ၊ ရှန်းသွားမလွယ်
မက်မောတွယ်သည် ၊ လုမ္ဗိနီသာမော
အင်းကြင်းတော။

✍ ခေါက်တုံ့ခေါက်ပြန် ၊ လူးလာပျံသန်း
ချစ်စခန်းဖွင့် ၊ တေးသံလွင့်လို့
ကျူးရင့်သာယာ ၊ သာရကာကျေး
ရောင်စုံထွေးယှက် ၊ မျိုးစုံငှက်တို့
လည်ယှက်မော့မော့ ၊ တွန်မြူးဆော့ကာ
ဘာသာဘာဝ ၊ တေးသီလှစုံ
ဤရုံသည် ။ ။ လုမ္ဗိနီသာမော
အင်းကြင်းတော။

✍ သူနိုင် ငါနိုင် ၊ လှချင်းပြိုင်လျက်
အင်ကြင်းလက်တို့ ၊ နွယ်ယှက် ခက်ဖြာ
ပွင့်လန်းလှာတွင် ၊ စုပ်ခါ စားသုံး
ပျားပိတုန်းတို့ ၊ စုရုံး ပျော်နေ
ဆင်းငါးထွေနှင့် ၊ လှလေ ရှုခင်း
တေးသီချင်းသံ ၊ ဝဲပျံ ကွန့်မြူး
ရင့်ကျူးသာစည် ။ ။ လုမ္ဗိနီသာမော
အင်းကြင်းတော။

✍ လှမျိုးထွေထွေ ၊ တင့်လှဝေသော
ဤမြိုင်တောကား ၊ သိကြားနတ်မင်း
ပျော်စံနှင်းရ ၊ စိတ္တလတာ
ဥယျာဉ်သာသို့ ၊ သာယာမှုစုံ
ပေါင်းစုဆုံပြည့် ၊ ဆန်းကြယ်ဘိသည်
လုမ္ဗိနီသာမော အင်းကြင်းတော။

ဘုန်းရှင် ကံရှင် ၊ မြတ်ဘုရင်တို့
ပြုပြင်စီဖြာ ၊ စားရိပ်သာသို့
တံတျာဂီတ ၊ ခွန်းချိုမြ၍
နား၀သကာ ၊ ချိုသာရွှန်းအိ
ဝွမ်းဆီထိမျှ ၊ ပီတိဝှန်လှိုက်
နှစ်ခြိုက်ပျော်ရွှင် ၊ တေးသံရှင်လည်း
တစ်ရံမစဲ ၊ ငြိမ့်ငြိမ့်သဲမျှ
စည်ကားလှသည် ၊ လုမ္ဗိနီသာမော
အင်းကြင်းတော။

သာမျိုးစုံလင် ၊ ဤဥယျာဉ်ကား
စုံလင်ဂုဏ်ထူး ၊ ခိုးကျူးဖွယ်ပုံ
မွှမ်းထုံကောင်းစွာ ၊ မင်္ဂလာဖြင့်
ရှုတိုင်းတင့်၍ ၊ လေသင့်ရာမွှေး
မြင်သူ ဒေးရ ၊ လှလွန်းလှဘိ
သာစွ ရှုခင်း ၊ ရှုမျှော်ခင်းပြည့်
ကြိုင်သင်းမွှမ်းထုံ ၊ နတ်တို့ဘုံမှာ
နန္ဒဝန်ဥဒသို့ ၊ သာယဘိခြင်း
ပြိုင်ဘက်ကင်းသည် ၊ လုမ္ဗိနီသာမော
အင်းကြင်းတော။

လုမ္ဗိနီသာမော ၊ အင်းကြင်းတော၌
မြတ်သောဗုဒ္ဓ ၊ မြတ်စွာ့ထိပ်တင်
ဖွားသန့်စင်ရာ ၊ စိတ်တွင်ရည်မှန်း
သဒ္ဓါလွှမ်းရုံ ၊ မေတ္တာခြုံ၍
အာရုံညွတ်နူး ၊ ကြာလက်ဖူးဖြင့်
ဦးခိုက်ကော်ရော် ၊ တပည့်တော် ပူဇော်လိုက်ရပါသည်ဘုရား။ ။

*(၁-၅-၁၉၉၅ နေ့ထုတ် မြဝတီမဂ္ဂဇင်း၊ ရွှေတန်းကဗျာ၊ စာမူခ ၁၅ဝ/-)*

## အမေ့ရှာ

ရွာ၏အရှေ့ ၊ တောင်တန်းကွေ့နှင့်
ညို့ငွေထန်းတော ၊ လွန်သာမောစွ
ရှည်မျှောကျောင်းငယ် ၊ မြေညီဝယ်တည့်
ညီငယ်ညီလတ် ၊ သက်နီးဝတ်၍
ပရိယတ်အားထုတ် ၊ တကုတ်ကုတ်နှင့်
ဗုဒ္ဓတာပည့် ၊ ပီသသည့်မူ
အားဖြည့်ယူ၏ ၊ ကြည်ဖြူမေတ္တာ
ဆွမ်းပို့လာကြ ၊ ကညာ၏လက်
ဆွမ်းအုပ်ထက်ဝယ် ၊ သွယ်လျက်ယှက်ယူ
ကိုယ်ဟန်မူရာ ၊ ချိုမျှငွာစွ
သူ့အလှကို ၊ မြင်ရသူတွင်
စိတ်ဘဝင်မှ ၊ ချမ်းမြေ့လှ၏
သာစွရွာနေ အညာမြေ။

✍ ရွာ၏အနောက် ၊ နည်းငယ်လျှောက်သော်
ကုန်းမောက်တောင်တန်း ၊ ရှင်ကြည်လန်းဖွယ်
စီတန်းညို့ညို့ ၊ ထန်းတောတို့နှင့်
မို့မို့ကုန်းသွင် ၊ ယာခင်းပြင်ထက်
ပြေပြေတက်ရ ၊ ကုန်းတက်ကမူ
မြေညီယူ၍ ၊ ထုံးဖြူဘုရား
တည်ထားကိုးကွယ် ၊ တန်ခိုးကြွယ်သည့်
ဇမ္ဗူပတိဟု ၊ နှံ့သိကျော်ကြား
သဒ္ဒါပွားရ ၊ ချမ်းမြေ့လှ၏
သာစွင့်ဌာနေ အညာမြေ။

✍ ရွာ၏တောင်ဘက် ၊ နောက်တောင်ထက်မှ
ကွေ့လျက်စီးလာ ၊ အညာအခေါ်
ယောချောင်းသော်တည့် ၊ မိုးတွင်းပြည့်၍
နေ၏ပူချိန် ၊ ကြည်ငြိမ်အေးမြ
ဆိပ်ကမ်းလှ၍ ၊ ချိုးကြယောရေ
အမောပြေကြ ၊ ချမ်းမြေ့လှ၏
သာစွင့်ဌာနေ အညာမြေ။

✍ ရွာ၏မြောက်ရပ် ၊ တောကုန်းစပ်၍
ခြံခတ်၍ထား ၊ အိမ်လေးများနှင့်
ချို့ကားပျဉ်ထောင် ၊ အိမ်နှစ်ဆောင်တွင်
နှစ်ကောင်သောနွား ၊ ဝဖီးထွားမော့
လှည်းယဉ်ကြော့နှင့် ၊ ပြန်ရော့လိုက်ပို့
တောင်ကုန်းမို့၌ ၊ လွမ်းစို့မျက်ရည်
အနိုင်ဆည်ရ ၊ မြတမ်းတမိ
သာစွင့်ဌာနေ အညာမြေ။

✍ မွေးရပ်ဌာနေ ၊ ကျွန်တော့်မြေကား
မြစ်ခြေအနောက် ၊ ၁၂ မိုင်လျှောက်ရ
သဘာဝရှုခင်း ၊ လှချင်းတုပြိုင်
ပန်းချီမှိုင်လိမ့် ၊ မေ့နိုင်ပါဘူး
မြစိတ်ကူးမိ ၊ နွေဦးကာလ
ချိုမြထန်းရေ ၊ သောက်လိုက်လေက
မောပြေ ရွှင်ပြ ၊ ချမ်းမြေ့လှ၏
သာစွဌာနေ အညာမြေ။

✍ ညော်. . .
ဇာတိအညာ ၊ စညောင်းရွာမှ
ခွဲခွာနှစ်လ ၊ ကြာပေစွလည်း
ဘဝမမေ့ ၊ ရွာဓလေ့၌
ပျော်မွေ့ခဲ့ရ ၊ ငယ်ဘဝကို
မေ့ရပါနိုင် ၊ အမိနိုင်ငံ
ပန်းတိုင်သို့ရောက် ၊ ဖြိုးဖြိုးမောက်လျှင်
တစ်ခေါက်တစ်ခါ ၊ အမေ့ရွာသို့
ပြန်ပါဦးစို့ မွေးချင်းတို့။ ။

*(၁-၁၀-၁၉၈၃ နေ့ထုတ် တောင်သူလယ်သမားဂျာနယ်၊ စာမူခ ၂၀/-)*

## ကမ္ဘာ့ငြိမ်းချမ်းရေး

✍ ကြည့်သောသူသည် ၊ အဘယ်မည်မျှ
သေးငယ်စွလည်း ၊ မြင်ရသည်မှာ လွန်သေချာ၏။

✍ သတိမမူ
အုတ်ဂူမမြင် ၊ မူလျှင်ထင်ရှား
မြူမှုန်အားပင် ၊ လူများမြင်၏

✍ ကျောက်ခေတ်ပြန်ကြည့် ၊ ရက်စက်ဘိသည်
အားရှိသူက အနိုင်ရ၏။
ကြေးခေတ်တွင်ကြည့် ၊ ရက်စက်ဘိသည်
အားရှိသူက အနိုင်ရ၏။
သံခေတ်ပြန်ကြည့် ၊ ရက်စက်ဘိသည်
အားရှိသူက အနိုင်ရ၏။

✍ အဏုမြူဖြစ် ၊ ယခုခေတ်လည်း
စနစ်လိုလို ၊ ဘာလိုလိုနှင့်
နိုင်လိုမင်းထက် ၊ ဝင်စွက်ဖက်၍
တကျက်ကျက်နှင့် ၊ စစ်မီးမြှင့်လို့
အဆင့်ဆင့်ပြဿနာ ၊ တိုး၍သာနေ
ဤကမ္ဘာမြေ၌ ၊ မျှဝေမေတ္တာ
စေတနာမိုး ၊ ရွာသွန်းဖြိုးသို့
ရွှေချိုး ဘယ်တော့ကူမည်နည်း။ ။

*(၁-၈-၁၉၈၅ နေ့ထုတ် ဆိပ်ဖြူမြို့နယ်အသင်း၊ ငွေသဲဖြူမဂ္ဂဇင်း အဖွင့်ကဗျာ၊ )*

## ပြုံးပန်းတစ်ရာ ပွင့်ပါစေ

- ကန်စောင်းအိမ်မှာ ၊ အေးရိပ်သာ၌
  ကြည်သာနှလုံး ပြုံးနေတဲ့. . .
- ကန်ရေပြင်မှ ၊ မွှေ့ညင်ဖြတ်လာ
  လေညင်းသာနှင့် ၊ ကြည်သာလေလေ့
  မွှေ့နေတဲ့. . .
- ကြာဖြူ ကြာနီ ၊ ကြာညိုသင်းလို့
  ကန်တွင်းရှုခင်း ၊ ဤမြင်ကွင်းနဲ့
  ရင်တွင်းကြည်နူး မြူးနေတဲ့. . .
- မြေပဲဆံဖွေး ၊ ပုစွန်ကြွေးနှင့်
  နွေးထွေးဖော်ရွေ ၊ ညှော်ခံလေတဲ့
  ညီမရဲ့စေတနာ ၊ ဘယ်ခါမမေ့
  စိတ်ချမ်းမြေ့။

ဟောင်းရွက်တွေကြွေ ၊ လေပွေရူးရူး
ခါနွေဦးတွင် ၊ ကြည်နူးရွှင်မြူ
ချမ်းမြေ့လှစေ ၊ တောင်းဆုခြွေ၏။

မိုးဦးကျလည်း ၊ ရွာသွန်းဖွဲဖွဲ
မိုးပုလဲကြောင့် ၊ ပြုံးမြဲရွှင်မြဲ
နွေးမြဲမေတ္တာ ၊ စောင်ခြုံပါသို့
နွေးပါစေလေ ၊ တောင်းဆုခြွေ၏။

ဤနွေမိုးဆောင်း ၊ ကြိမ်ကြိမ်ပြောင်းလဲ
မဟောင်းမနွမ်း ၊ အားသစ်ဆမ်း၍
ပြုံးပန်းတစ်ရာ ၊ ပွင့်နိုင်ပါစေ
တောင်းဆုခြွေ၏။ ။

*(၁၅-၁၂-၁၈၈၅ နေ့ထုတ် တိုင်းရင်းမေဂျာနယ်၊ အဖွင့်ကဗျာ၊ စာမူခ ၂၈/-)*

## နေနှင့်လ

ဝင်းထိန်လှတဲ့ လစန္ဒာ
အာကာ ထက်ယံမှာ။
သွားလာလှုပ်ရှား ပြည်သူများ
လမ်းညွှန် ပေးကာသွား။

ရွှေလျှားနေတဲ့ နေဝန်းနီ
ပေးတဲ့ လင်းရောင်ခြည်
ပြည်သူအကျိုး သူတို့ပြု
ဖြိုးခွင်း အမှောင်ထု။

အကျိုးပြုတဲ့ ဥပမာသွင်
နေနဲ့လသို့လျှင်
ညီညွတ်စွာပင် လုပ်စို့လား
ငါတို့ ပြည်သူများ။ ။

*(စာပေဗိမာန်မှ ၁၉၇၉ ခုနှစ်ထုတ် အပြည်ပြည်ဆိုင်ရာ ကလေးများနှစ်အထိမ်းအမှတ်၊ ရွှေသွေးတေးသံကဗျာများစာအုပ်တွင်ပါရှိသည်) (စာမူခ ၁၅/-)*

# စုန်ရေမေတ္တာ မိမာတာ

စားဦးစားဖျား ၊ အပေးသွားလည်း
များလှချည့်ရဲ့ ၊ ကျန်သေးရဲ့လား
သားရဲ့အိမ်မှာ ၊ နည်းတော့မှာပေါ့
ပြန်ယူ ရှော့ တဲ့။

ခြေဆုပ်လက်နယ် ၊ ဖွဖွနယ်လို့
ဘယ်ပြန်ညာပြန် ၊ နှိပ်ပေးပြန်လည်း
အသံအေးအေး ၊ မေတ္တာထွေးလို့
လူလေးညောင်းမယ် ၊ ငါ့သားရယ်တဲ့။

ကျင်ကြီးကျင်ငယ် ၊ ဖုံးဖွင့်သယ်လို့
နံတယ်မရှိ ၊ စွန့်ပစ်သည့်အခါ
အားနာနာနဲ့
နေပါသားရယ် ၊ ဘုန်းနိမ့်မယ်တဲ့။

သားကြီးလိမ္မာ ၊ ရတနာနှင့်
သံသရာဆက် ၊ တွေ့ချင်လျက်ပါ
လူလေးရာတဲ့။

ငါ့သားရတနာ ၊ ရောက်လေရာတွင်
လိုရာဆန္ဒ ၊ တစ်လုံးတဝနှင့်
ပြည့်ဝစေကွယ် ၊ လူလေးရယ်တဲ့။

ဩော် . . . စီးဆင်းသွင်သွင်
ဖြူသန့်စင်တဲ့ ၊ မိခင်မေတ္တာ
စုန်ရေသာရှိ ၊ ဆန်မရှိလို့
ကြီးဘိမြင်းမိုရ်တောင်နှယ်တကား။ ။

*(၁-၄-၁၉၉၁ နေ့ထုတ် တို့ကျောင်းသား၊ စာမူခ ၃၀/-)*

## မိမိကိုယ်မိမိ ဆန်းစစ်ခြင်း

ဩော် . . . ငါသည်
အလုပ်ဟူသမျှ ၊ ဂုဏ်ရှိစွဟု
တဖွဖွပြောပြီး ၊
တကယ်ရော အလုပ်လုပ်ရဲ့လား။

ဩော် . . . ငါသည်
ငါ၏ဝင်ငွေ ၊ လုပ်အားတွေနှင့်
တစေမှန်စွာ ၊ ထိုက်တန်ပါကို
သေချာစေဝ ၊ နှိုင်းရှုဆင်ခြင်
ပီပြင်ထင်ရှား ၊
(နေ့စဉ်) သုံးသပ်ပါရဲ့လား။

ဩော် . . . ငါသည်
ဝင်ငွေကများ ၊ လုပ်အားကနည်း
လျော့ရဲရဲဖြင့် ၊ အမြဲချိန်ဖြုန်း
ပြည့်ငွေသုံးကာ ၊ လုံးလုံးခေါင်းပုံဖြတ်
လူတန်းစားတစ်ရပ်ဖြစ်၍နေသလော။ ။

*(တက္ကသိုလ်များသမိုင်းမဂ္ဂဇင်း၊ ၁၉၇၃ ခုနှစ်)*

## နွေသင်တန်းများပြီးချိန်

ရွက်ဝါကြွေလွင့် တောင်လေပင့်
ဥသြတေးသံလွှင့်။
လွန်တင့်သာယာ နွေဦးခါ
သင်တန်းမျိုးစုံ ဖွင့်ခဲ့တာ။
မိုးဦးခါမှာ ခွဲကြရ
သင်တန်းပြီးခဲ့ကြ။
ရှေ့နှစ်မှပဲ ဆုံစို့ကွယ်
ဒို့ရောင်းရင်းတို့ရယ်။
လွမ်းဖွယ်ဆိုတာ တခဏ
တွေ့ကြုံဆုံကွဲ လူ့ဘဝ။ ။

(၁၉၇၈-၇၉ ဒေသကောလိပ်-၂)

# သတ္တိ



## သတ္တိ

- မွေးလာရင်ကွယ် သေရမြဲမို့
ရှောင်လွှဲမရ လူ့ဘောင်ဝယ်။
ကြောက်စိတ်တွေကို ဖယ်ကာရှားလို့
တို့တစ်တွေများ သတ္တိကြွယ်။
- အမိနိုင်ငံ ကာကွယ်စောင့်ရှောက်
တည်ဆောက်သူတွေဖြစ်ရမယ်။
အာဇာနည်တွေ ရယူပေးတဲ့
လွတ်လပ်ရေးကို တို့ကာကွယ်။
- အသက်သွေးပင် မြေမှာကျတော့
တို့သတ္တိကိုပြရမယ်။
တိုက်ပွဲဆိုတာ ဘယ်မှာလဲကွယ့်
ငါတို့လဲပဲနွှဲပါ့မယ်။
နွှဲမယ်-နွှဲမယ်။ ။

*(၁၈-၉-၁၉၉၃ နေ့ထုတ် ရွှေသွေး၊ စာမူခ ၅ဝိ/-)*

## သားသားနှင့် အပြိုင်

✍ ရွှေဝါထွန်းတဲ့ သူ့အမည်
ကျောင်းမလေး ပူစီ ၊
တမိမိနဲ့ မြည်သံပေး
အစာ တောင်းတတ်သေး။

✍ သားသားကျွေးတော့ သူ့ခမျာ
မြီးလေး တခါခါ ၊
ခေါင်းငုံ့လို့သာ စားလေပေါ့
သူ့ရဲ့အကြိုက်နော့။

✍ မပေါ့မဆ သူ့ဝန်တာ
ညစဉ် ကျေပွန်တာ ၊
အားခွန်နဲ့သာ ကြွက်ကိုခုတ်
ဖွဲ့နှင့်သူ့အလုပ်။

✍ အားထုတ်ကြိုးပမ်း လေ့ကျက်ရင်
သားသားသူ့လိုပင် ၊
အတန်းတိုင်းတွင် ပထမ
ရမည် ကေန္ဒ။ ။

*(၁-၈-၁၉၉၄ နေ့ထုတ် မိုးသောက်ပန်း၊ စာမူခ ၁၀၀/- )*

## လူငယ့်ရှေ့ဆောင် မီးရှူးရောင်

သူ့ကျွန်မခံ ၊ မျိုးမာန်မချ
ဖွဲ့လုံ့လဖြင့် ၊ ကျွန်ဘဝလွတ်ရေး
အသက်ပေးခဲ့ ၊ တရေးရေးမြင်
သူ့အသွင်ကို ၊ ယူချင်ကြပါ
တေဇရှေ့ဆောင် ၊ လမ်းစဉ်မောင်တို့။

ဗိုလ်တေဇလို ၊ ဖြစ်စေလိုလျှင်
သူ့လိုဆန္ဒ ၊ ဖွဲ့လုံ့လမျိုး
ပြည့်ဖြိုးပါစေ လူငယ်တွေ။

ဗိုလ်တေဇလို ၊ ဖြစ်စေလိုလျှင်
သူ့လိုပဲကွယ့် ၊ မငဲ့ကိုယ်ကျိုး
သယ်ပိုးထမ်းလေ လူငယ်တွေ။

ဗိုလ်တေဇလို ၊ ဖြစ်စေလိုလျှင်
သူ့လိုခြိုးခြံ ၊ ကျင့်ကြံကြိုးကုတ်
အလုပ်လုပ်လေ လူငယ်တွေ။

ဗိုလ်တေဇလို ၊ ဖြစ်စေလိုလျှင်
သူ့လိုစည်းကမ်း ၊ စောင့်ထိန်းစမ်းလေ
လူငယ်တွေ။

ဗိုလ်တေဇလို ၊ ဖြစ်စေလိုလျှင်
သူ့လိုအကျင့် ၊ ဖြူစင်မြင့်စေ
လူငယ်တွေ။

ဗိုလ်တေဇလို ၊ ဖြစ်စေလိုလျှင်
သူ့လိုမျိုးချစ် ၊ သက်စွန့်လွှတ်လေ
လူငယ်တွေ။ ။

*(၁-၈-၁၉၈၆ နေ့ထုတ် ရုပ်ရှင်အောင်လံ၊ အဖွင့်ကဗျာ၊ စာမူခ ၇၅/-)*

## သာလေ သာစွ မြန်မာ့မြေ

မြသီးမြခဲ ၊ ဒီမြေပဲတွေ
ပြွတ်သိပ်နေတဲ့ ၊ အမိမြေမှာ
သာလေသာစွ  သာလေစွ။

လေမှာဝှေ့ယမ်း ၊ နှမ်းပင်တန်းက
သီးတန်းပြွတ်သိပ် ၊ တရိပ်ရိပ်နှင့်
စိတ်တွင်ကြည်နူး ၊ ဘဝင်မြူးအောင်
တင့်ထူးသည်မှာ ၊ သာလေသာစွ  သာလေစွ။
ကောက်ပင်ယိမ်းနွဲ့ ၊ ဘယ်ညာသွယ့်လို့
စိမ်းလဲ့မြသား ၊ **နွေစပါးပြင်**
လုပ်အားရှင်နှင့် ၊ ကြည်ရွှင်ပြုံးပန်း
လန်းဆန်းဝေလွင် ၊ လယ်တခွင်မှာ
သာလေသာစွ  သာလေစွ။

**"ဆီကိုရေချိုး ၊ ဆေးရိုးမီးလှူ**
**စပါးတောင်လိုပုံ. . ."** တဲ့
ဆိုတုံခဲ့သား ၊ စကားပမာ
ပြည်ရွာအနှံ့ ၊ အပြုံးပန်းဝေ
ဒို့မြန်မြေကား. . . .
သာလေသာစွ. . . သာစွတကား
ဘယာတွေမှန်သမျှ. . . ဝေးစေသား။   ။

*(၁-၁-၁၉၉၅ နေ့ထုတ် ဂါးဒီးယန်းမဂ္ဂဇင်း၊ အဖွင့်ကဗျာ၊ စာမူခ ၃၅/-)*

## ရှောင်လေဝေးဝေး ဒုစရိုက်ဘေး

“သတိတမံ ၊ ဉာဏ်မြေကတုတ်
ပညာစွမ်း ၊ ချွန်းကဲ့သို့အုပ်” တဲ့
ဖော်ထုတ်ရေးသား ၊ ရှေးစကားကို
မှတ်သားစွဲထင် ၊ သိနှင့်ယှဉ်ကာ
ဆင်ခြင်တုံတရား ၊ လက်ကိုင်ထားမှ
အမှားချောက်ထဲ ၊ မရောက်ဘဲနှင့်
ခုလည်းချမ်းသာ ၊ နောင်လည်းချမ်းသာ
ဘဝသာလိမ့်။

ဖယ်ခွာလောဘ ၊ မျက်ဒေါသနှင့်
မောဟမိုက်မှောင် ၊ မာနရှောင်မှ
လူ့ဘောင်အတွက် ၊ ကိုယ့်အတွက်ပါ
ဘဝထွက်ရပ် ၊ လွှန်မွန်မြတ်လိမ့်
ရစ်ပတ်နှောင်ကြိုး ၊ ဒုစရိုက်မျိုးကား
ကောင်းကျိုးမပေး ၊ ဒုက္ခပေးလိမ့်
ဝေးဝေးကပင် ရှောင်ပါလေ။ ။

*(၁-၇-၁၉၈၇ နေ့ထုတ် ပြစ်မှုမဂ္ဂဇင်း၊ အဖွင့်ကဗျာ၊ စာမူခ ၂၀ဝိ/-)*

## လုပ်သားတံခွန်

✍ ယောက်ျားတံခွန် လူရည်ချွန်က
ကောင်းကင်တမှတ် ၊ ကြယ်ကိုဆွတ်လည်း
မလွှတ်စတမ်း ၊ ရမြဲလမ်းဟု
ဆိုတမ်းရှိခဲ့။

✍ လုံ့လနဲ့သာ ၊ ကြိုးပမ်းပါက
ဘယ်ရာမဆို ၊ အောင်ပန်းကိုသာ
ရမည်သာတည့်။

✍ ဝေဖြာညွန့်လူ ၊ အားသစ်ယူ၍
တူယှဉ်တက်လှမ်း ၊ ခက်ဝေလှမ်းသော်
ငြိမ်းချမ်းသာယာ ၊ ရေပ်သာလိမ့်။

✍ စိတ်မှာကြည်ဖြူ ၊ ဒို့ပြည်သူတွက်
ခွန်အားဖက်၍ ၊ ပေးဆက်လုပ်အား
ဒို့ချွေးများဖြင့် ၊ လုပ်သားတံခွန်
လူရည်ချွန်ဖို့ ပြည်သားတို့။ ။

*(၁၉၈၁၊ ခွန်လထုတ် ဂါးဗီယန်းမဂ္ဂဇင်း၊ စာမူခ ၁၀၀/-)*

## အိပ်မက်

သူရေးသီရာ ၊ လှကဗျာကို
ခါခါဖတ်ရှု ၊ ကြည်နူးမှုဖြင့်
တွေ့မှုကိုမျှော် မျှော်မိ၏

ဖွဲ့နွဲ့တီတာ ၊ လှလက်ာကို
ကြည်သာဖတ်ရှု ၊ ရွှင်မြူးမှုဖြင့်
သူ့ရဲ့ရုပ်သွင် မြင်မိ၏။

ပပဝတီ ၊ နှုန်းမှီစံပြ
သူ့အလှနှင့် ၊ ကြည်မြပြုံးရွှင်
သူ့အသွင်ကို ၊ စိတ်တွင်ပိုးဝါး
မြင်ယောင်မှား၍ ၊ ပြေးလွှားလိုက်ခေါ်
သံကုန်အော်လည်း ၊ ပြန်ဖော်မရ
လွမ်းသသဖြင့် ၊ ဘဝအထီးကျန်
သန်းခေါင်ယံမှ အိပ်မက်ပါတကား။ ။

*(၁-၅-၁၉၈၃ နေ့ထုတ် ဂါးဒီးယန်းမဂ္ဂဇင်း၊ စာမူခ ၁၀၀/-)*

# ဆယ့်ကိုးရှလိုင်

## မေ့ပါနိုင်



သရုပ်ဖော်ပန်းချီ မောင်မိုးသစ်

# ဆယ့်ကိုးရွလိုင် မေ့ပါနိုင်

✍ ပြည်သူ့အသည်းစိုင် ၊ သွေးပန်းခိုင်ကို
ဆွဲကိုင်လှုပ်ခတ် ၊ အတိတ်ဇာတ်ဆိုး
ရင်ပြတ်ကျိုးခဲ့ ၊ ဆယ့်ကိုးဇူလိုင်
မေ့ပါနိုင်။

✍ ပြည်သူ့အကျိုး ၊ ဇွဲမာန်ပျိုး၍
သယ်ပိုးဆောင်ရွက် ၊ လော့်ရင်းတက်ကျိုး
ဖြစ်ပျက်ဆိုးနေ့ ၊ တို့မျိုးသားတွေ
မမေ့ပေ။

✍ ရှာသွန်းဖြိုးလို့
ဆက်တိုးစည်ပင် ၊ ဆောင်းဘက်ဝင်ပြီး
ကျင်လည်သံသရာ ၊ ကြိမ်များစွာလှည့်
ကြာပေသည့်လည်း ၊ လွမ်းမိနေကြ
တို့ဘဝ။

✍ ပြည်သူ့ဘဝ သူ့ဘဝ
ပြည်သူ့ဒုက္ခ ၊ သူ့ဒုက္ခမို့
အတ္တမမင် ၊ ပရယှဉ်၍
ဖြူစင်လှသော ၊ သူ့သဘောနှင့်
အပြောအလုပ် ၊ စစ်ချက်ထုတ်လျှင်
အားထုတ်ကြိုးပမ်း ၊ ခရီးကြမ်းနှင့်
လွတ်လမ်းထွင်သည့် ၊ ဖခင်ဗိုလ်ချုပ်
တို့ဗိုလ်ချုပ်ပေတကား။ ။

*(၁၉၈၇ ထုတ် ရှပ်ရှင်အောင်လံမဂ္ဂဇင်း၊ အဖွင့်ကဗျာ၊ စာမူခ ၇၅/-)*

## လဒီဇင်ဘာ ရွှင်းသာ

✍ ကန်တော်မင်လမ်းတစ်လျှောက်
လျှောက်ပါတဲ့ညီမငယ်
မင့်မျက်နှာ လှရည်မွှန်း
ပြုံးလို့နေတယ်။

✍ ကန်တော်ကြီးတစ်ပိုက်
လျှောက်လိုက်ကြည့်ညီညီငယ်
မင်းတို့ကိုတို့များကြည့်
အားရှိလှတယ်။

✍ အရုဏ်အကျင်း ၊ နံနက်ခင်း၏
လင်းရောင့်ခြည်အောက် ၊ ကန်တစ်လျှောက်တွင်
ညီမ ညီညီ ၊ တူညီလှမ်းကြ
လမ်းလျှောက်ကြလို့ ၊ ပျော်လိုက်ကြဘိ
ပြုံးပီတိဖြင့် ၊ လဇ်၏ဒီဇင်ဘာ
ရွှင်းသာပါတကား။ ။

*(၁၉၈၀ ပြည့်နှစ်၊ ဒီဇင်ဘာလထုတ် ဂါးဒီးယမ်းမဂ္ဂဇင်း၊ စာမူခ ၁၀/-)*

## ပင်အို

✍ ချိုသာနှုတ်ဖျား ၊ သူ့စကားကို
မြကြားလို၏။
ရယ်ရွှင်ပြုံးတုံ့ ၊ မပြုံးတုံ့နှင့်
ကတုန့်ကယင် ၊ သူ့သွင်ပြင်ကို
မြကြည့်လို၏။

✍ ကြည်လင်အေးမြ ၊ မျက်ဝန်းလှကို
မဝရှည်ကြာ ၊ ကြည့်မိပါ၏။
မေတ္တာရေကြည် ၊ ပက်ဖျန်းမည်ဟု
စိတ်ရည်မှန်းကာ
ရှူးမိပါ၏။

✍ သို့သော်. . . . သို့သော်
ကိုယ့်စိတ်အိပ်မက် ၊ ဟိုမှာဘက်သို့
တစ်စက်လေးမျှ ၊ မကူးရပါ
ဘဝပင်အို ရင့်ခဲ့ပြီ။ ။

*(၁၉၈၁ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် ဂါ့ဒီးယမ်းမဂ္ဂဇင်း၊ စာမူခ ၁၀/-)*

# အလုပ်ဖြင့် ပြန်လည်ပေးဆပ်ကြပါ

- လွတ်လပ်ရေးတွက်
  အသက်ပေါင်းတွေ ၊ တွက်မရေနိုင်။
- လွတ်လပ်ရေးတွက်
  သွေးစက်ပေါင်းတွေ ၊ ပင်လယ်ဝေခဲ့။
- လွတ်လပ်ရေးတွက်
  ချွေးစက်ပေါင်းတွေ ၊ ပယ်လယ်ဝေခဲ့။
- လွတ်လပ်ရေးတွက်
  စီးထွက်မျက်ရည် ၊ ပင်လယ်ဝေခဲ့။
- လွတ်လပ်ရေးတွက် ၊ အသက်သွေးချွေး
  မျက်ရည်ပေး၍ ၊ တိုက်ပေးခဲ့ကြ
  မိဘဘိုးဘွား ၊ ကျေးဇူးတရားကို
  တို့များဘာဖြင့် ဆပ်မည်နည်း။
- အပြောနှင့်အလုပ် ၊ သဘောနှင့်သရုပ်
  အဟုတ်လက်တွေ့ ၊ မမေ့ဘဝ
  လုပ်ကြကြိုးကုတ် ၊ ကုန်းပိုထုတ်ပါ။
  မဆုတ်မနစ် ၊ တို့တစ်ခေတ်တွင်
  အားသစ်ခြေစွမ်း ၊ မြန်မြန်လှမ်းမှ
  ပန်းတိုင်အမြန် ရောက်လိမ့်တည်း။ ။

(၁-၁-၁၉၈၇ နေ့ထုတ် ရုပ်ရှင်အောင်လံမဂ္ဂဇင်း၊ စာမူခ ၇၅/-)

## ဒုတိယပေလီ လက်ခုပ်ကုန်းဆီသို့

✍ ကွမ်းခြံကုန်းက ၊ လက်ခုပ်ကုန်းသို့
ရောက်တုန်းကလေ ၊ ပျော်လိုက်လေခြင်း
ရွှက်ချင်းယှဉ်သည့် ၊ အုန်းလက်ပင်ရိပ်
သောင်ကမ်းဆိပ်၌ ၊ တလိပ်လိပ်ပင်လယ်ရေ
လှိုင်းလုံးတွေကြား ၊ အားပါးတရ
ရေကူးကြလို့ ၊ မောလှသည့်ခါ
ဖောက်ကာအုန်းရေ ၊ သောက်လိုက်လေက
ခဏအမောပြေ ၊ လေပြေတညှင်း
ရှူရှိုက်သွင်းလို့ ၊ ပြင်းပြင်းလမ်းလျှောက်
တိမ်တောက်သည့်ခါ ၊ ဆိပ်ကမ်းသာနှင့်
လှိုင်းလုံးဝင့်သည့် ၊ ရှုတင့်သာယာ
ရွှင်းသာကို ၊ ဘယ်ခါမမေ့
ခေါ်လေ့ပေလီ ၊ လက်ခုပ်ကုန်းဆီသို့. . .။ ။

*(၁၉၈၀ ပြည့်နှစ်၊ ဒီဇင်ဘာလထုတ် ဂါးဒီးယမ်းမဂ္ဂဇင်း၊ စာမူခ ၁၀/-)*

## ရွှေမေတ္တာမိုး

နှင်းဝေသည့်ပန်း ၊ မလန်းဆန်း၍
ညှိုးနွမ်းခွေလျခဲ့ပါပြီ။
ရေဝေးသည့်ပန်း ၊ လန်းဆန်းဝေဆာ
မရှိရှာဘဲ ၊ နွမ်းကာကြွေလို့ကျတော့မည်။

မေတ္တာဖူးငုံ ၊ နှင်းမခြုံသ
ရေမရလို့ ၊ ညှိုးလျှန်းခွေ
ပန်းအခြေကို ၊ သူလေမြင်လှည့်စမ်းပါချင်။

တောင့်တချိန်ခါ ၊ ရွှေမေတ္တာမိုး
ရွာသွန်းဖြိုးက ၊ ရောင်မျိုးစုံလင်
ပန်းဥယျာဉ်သည် ၊ လန်းရွှင်လှပနေမည်တကား။ ။

*(၁၉၈၂ ပြည့်နှစ်၊ ဖေဖော်ဝါရီလထုတ် ဂါးဒီးယမ်းမဂ္ဂဇင်း၊ စာမူခ ၂၅/-)*

## နိုင်ငံသားတိုင်း၏ မွေးရာပါတာဝန်

✍ ကိုယ့်ထီးကိုယ့်နန်း ၊ ကိုယ့်ကြငှန်းနှင့်
တခမ်းတနား ၊ ဂုဏ်ဝင့်ကြွားလို့
ထင်ရှားခဲ့တာ တို့မြန်မာ။

✍ သမိုင်းတစ်ခေတ် ၊ ကျွန်ဖြစ်ခဲ့ကြ
တို့ဘဝကို ၊ ဂနသေချာ
ဆန်းစစ်ပါလျှင်. . .
နိုင်ငံအရေး ၊ ဘာသာရေးတို့
ရောထွေးယှက်တင် ၊ မကြည်လင်၍
တီထွင်လက်နက် ဖျက်ခဲ့၏။

ခေတ်မီလက်နက် ၊ မတိုးတက်၍
ယှဉ်ဖက်ပြိုင်ကာ ၊ ခုခံရာတွင်
ရှုံးရှာခဲ့ကြ သာဓက။

တို့ဘိုးတို့ဘွား ၊ တိုင်းရင်းသားတို့
သွေးသားများစွာ ၊ ပေးဆပ်ကာလျှင်
"လွတ်" လာခဲ့ကြ တို့ဘဝ။

သခင်ဘဝမှ ၊ ကျွန်ဘဝသို့
မကျလိုလျှင် ၊ သည်းပွတ်သွင်သို့
တို့ပင်ထိန်းပေး လွတ်လပ်ရေး။

ပြည့်ထွက်စီးပွား ၊ ပြည့်ဝခြားက
စွမ်းအားထက်မြက် ၊ တို့ဖြည့်စွက်၍
လက်နက်ချင်းပြိုင် နိုင်မည်တည်း။

လွတ်လပ်ရေးသည် ၊ အမိကအရေး
လွတ်လပ်ရေးသည် ၊ အသက်အသွေး
လွတ်လပ်ရေးသည် ၊ ပြည်သူတိုင်းအရေး။
လွတ်လပ်ရေးတွက် ၊ သွေးချွေးအသက်
တို့ပေးဆက်ကာ ၊ ကာကွယ်ပါက
မွေးရာပါတာဝန် ကျေပွန်၏။

*(၁-၁-၁၉၈၈ နေ့ထုတ် ရုပ်ရှင်အောင်လံမဂ္ဂဇင်း၊ အဖွင့်ကဗျာ။ စာမူခ ၇၅/-)*

## အလုပ်သမားနေ့တွင် ဂုဏ်ပြုကြပါစို့

ခွင့်ရက်မယူ ၊ ပြည်သူ့အတွက်
ကုန်ပိုထွက်ရေး ၊ အားပေးကြိုးပမ်း
ချီးမွမ်းလောက်သူ စံနမူ။

ကိုယ်ကျိုးမကြည့် ၊ တော်တည့်ဖြောင့်မှန်
ဆက်ဆံရည်မွန် ၊ တာဝန်ကျေထမ်း
ချီးမွမ်းလောက်သူ စံနမူ။

လုပ်ငန်းခွင်ထဲ ၊ ခက်ခဲတွေ့ကြ
ဖြေရှင်းရလျှင် ၊ တီထွင်ကြံဆ
ဖွဲ့လုံ့လနှင့် ၊ ရအောင်တည်ဆောက်
ချီးမွမ်းလောက်သူ စံနမူ။

လုပ်သားထု၏ ၊ သာသနာ့မှုရေး
လူမှုရေးကို ၊ ကူပေးကြိုးပမ်း
ချီးမွမ်းလောက်သူ စံနမူ။

စည်းကမ်းလေးစား ၊ ပေးထားတာဝန်
ကျေပွန်ထမ်းရွက် ၊ ချစ်ခင်ထက်အောက်
ချီးမွမ်းလောက်သူ စံနမူ။

အို. . . ဒို့ခေတ်လုပ်သား ၊ ပြည်စွမ်းအားတို့
ဒို့များဆုံတွေ့ ၊ လုပ်သားနေ့တွင်
ပျော်ရွှင်ကြသူ ၊ စံနမူစစ်
ဒို့ခေတ်လုပ်သား ၊ စံပြများကို
လေးစားဂုဏ်ပြုကြပါစို့။ ။

*(၁-၅-၁၉၈၆ နေ့ထုတ် ဂါးဒီးယမ်းမဂ္ဂဇင်း၊ စာမူခ ၁၅/-)*

# တန်ဆောင်တိုင်အလှ



# တန်ဆောင်တိုင်အလှ

ရောင်စုံရှုမငြီး ၊ ဘုရားမီးပူဇော်
ကုသိုလ်တော်ယူ ၊ ကြည်ဖြူမေတ္တာ
စေတနာဖြင့် ၊ ဝေဖြာရွှန်းမြိုင်
တန်ဆောင်တိုင်အလှ ၊ ရှုမဝ ပျော်မဆုံး
တပြုံးပြုံးနှင့် ၊ ပြည်လုံးစည်ပင်
အလှဆင်၏။

လပြည့်ညတန်ဆောင်
ငွေရောင်အာကာ ၊ လစန္ဒာကို
ကြည်သာရွှန်းတင့် ၊ အပြုံးနှင့်ကြည့်
ပီတိဝှန်လှိုက် ၊ ဘဝင်ခိုက်မျှ
ပျော်လိုက်ကြဘိ ၊ ညတန်ဆောင်တိုင်။

လှဝေမြိုင်။
ဒိုပတ်အိုးစည် ၊ တူညီရိုက်ခတ်
ပြဇာတ် အငြိမ့် ၊ ယဉ်လိမ့်အက
ယိမ်းသမတို့ ၊ ကကြခုန်ကြ
ပျော်လိုက်ကြနှင့် ၊ ညတန်ဆောင်တိုင်
ပျော်ရွှင်မြိုင်။

တန်ဆောင်တိုင်ည ၊ ဤချိန်ကျတိုင်း
မိဘဘိုးဘွား ၊ သက်ကြီးများကို
တရားရှေ့ရှု ၊ ကုသိုလ်ပြုကြ
ပြုံးပျော်ကြနှင့် ၊ ညတန်ဆောင်တိုင်
ပျော်ရွှင်မြိုင်။ ။

*(၁-၁၁-၁၉၈၁ နေ့ထုတ် တိုင်းရင်းမေဂျာနယ်၊ အဖွင့်ကဗျာ၊ စာမူခ ၂၀/-)*

## ပြည်ချစ်စစ်သား

✍ နွေ၏နေ့ခင်း ၊ အပူပြင်းလည်း
ပူခြင်းအိုက်ခြင်း မရှိလေ။
မွှေမိုးဒေဝါ ၊ သည်းထန်ပါလည်း
စိုရွှာခဲ့ခြင်း မရှိလေ။
ဆောင်းနှင်းဝေဝေ ၊ စိမ့်အေးလေလည်း
ချမ်းနေခဲ့ခြင်း မရှိလေ။

✍ နွေ မိုး ဆောင်း ဒဏ် ၊ ကြံ့ကြံ့ခံ၍
အားမာန်အပြည့် ၊ ဖွဲ့သတ္တိနှင့်
အမိနိုင်ငံ ၊ ခွန့်ရှည်ရန်တွက်
စစ်တိုက်ထွက်သည့် ၊ အသက်ပေးထား
တို့စစ်သား။ ။

*(၁-၂-၁၉၈၃ နေ့ထုတ် ဂါးဒီးယန်းမဂ္ဂဇင်း၊ စာမူခ ၁၅/-)*

## ပျောက်သွားသူ

ရွှေပွင့်ရွှေခဲ ၊ ငုပန်းဆွဲတို့
တွဲရရွှဲနို ၊ ရိပ်ညိုသာစွ
ပင်ထက်မှလျှင် ၊ ပြုတ်ကျဖြုတ်ဖြုတ်
နွေသရုပ်။

ဝင်းအိရွှေခိုင် ၊ ပိတောက်ခိုင်နှင့်
ဂနိုင်သာမော ၊ ရွှေဥသြတို့
တေးချော့သီဆို ၊ အလွမ်းပိုကြ
နွေသဘာဝ။

ကိုယ့်မှာလည်းလေ ၊ ရွှေစက်ရွှေပြောက်
ရွှေရည်သောက်တဲ့ ၊ ငုနဲ့ပိတောက်
ချိန်ခါရောက်တိုင်း ၊ စိတ်နောက်ကိုယ်ပါ
အလွမ်းဖြာလို့ ၊ ဖွေရှာငေးမော
တွေ့လိုဇောကြွ ၊ ကိုယ်မောရပြီ
မေကဘယ်ကိုရောက်နေသလဲကွယ်။ ။

*(၁-၃-၁၉၈၉ နေ့ထုတ် မိုးဝေမဂ္ဂဇင်း၊ စာမူခ ၃၀/-)*

## ခါသကြံန်

 ပန်းပိတောက်တွေ ရွှေရည်ဝင်း
သကြံန်တွင်း ဒီချိန်ခါ
ပြုံးပျော်လို့သာ။

 မောင်မယ်တို့ လက်တွဲကာ
နွဲပျော်ပါ ရေသဘင်ပွဲ။
တို့မြန်မာရိုးရာ
ယဉ်ကျေးစွာ ရေကစားပါလို့
ဘိုးဘွားကို ပူဇော်
မုန့်လုံးရေပေါ် စတုဒိသာကျွေးပါလို့
ပေးအလှူ ပျော်မဆုံးပါဘူး
ပြည်လုံးအနှံ့ပဲ။ ။

*(၁-၄-၁၉၈၃ နေ့ထုတ် ဂါးဒီးယန်းမဂ္ဂဇင်း၊ တမူခ ၁၅/-)*

## အမွေ

✍ ရွှေရောင်စပါး ၊ မြသားနီလာ
သန္တာ ပုလဲ ၊ ကျောက်မျက်ရွဲတို့
လက်လက်တောက်ပ ၊ ရှုမဝနိုင်
လှချင်းပြိုင်နေ ၊ တို့မြန်မြေ (ပြည်)။

✍ ရွှေရောင်မှည့်ဝင်း ၊ ပြိုင်ဘက်ကင်းမျှ
လှလွန်းပါဘိ ၊ တန်ဖိုးရှိကာ
ကျွန်းရွှေဝါဟု ၊ ကမ္ဘာတစ်လွှား
ရှာမှရှားပေ ၊ တို့မြန်မြေ (ပြည်)။

✍ တောင်တန်းတောင်စွယ် ၊ မြရောင်ခြယ်သ
စေတီလှတွင် ၊ ဝင်းပရွှေရောင်
တပြောင်ပြောင်နှင့် ၊ ဂုဏ်ရောင်တင့်ပေ
တို့မြန်မြေ (ပြည်)။

✍ စုလစ်မွမ်းချွန် ၊ ဝေးကမြင်ပြန်
ဆည်းလည်းသံနှင့် ၊ ကျောင်းကန်ဇရပ်
အမွေမြတ်တို့ ၊ သပ်ရပ်လှပ
ရှုမဝပေ ၊ တို့မြန်မြေ (ပြည်)။

✍ ငါတို့မြန်မြေ ၊ ရွှေရောင်မြေကား
သာလေသာစွ ၊ သာယာလှဘိ
ရွှန်းတင့်ကျက်သရေ ၊ ဖြိုးဖြိုးဝေဘိ
ကမ္ဘာ့အလယ် ၊ ဂုဏ်ဝင့်ထည်ဘိ
ညီအောင်ပြုလေ - တို့မြန်မြေ (ပြည်)
ပြည်ထောင်စုအမွေ - ထိန်းစို့လေ။ ။

*(၁၅-၈-၁၉၉၃ နေ့ထုတ် မြဝတီဂျာနယ်၊ အဖွင့်ကဗျာ၊ စာမူခ ၇၅/-)*

## ရန်သင်းထုံ စာပန်းရုံ

✍ မြဝတီ သာကြည်တဲ့ ရှုခင်း
စာပန်းရုံ ရောင်စုံပွင့်
တင့်လှပေလွန်း။

✍ လာခဲ့ပါ သွေးချင်းရာ
ဝတ်မှုန်လွှာ ထုံသင်း
ဆောင်းပါး ကဗျာ
ဝတ္ထုငယ် စုံစွာနှင့်
ကာတွန်းပါ ဆင်းစုံလွှမ်းလို့
တင့်ဆန်းတဲ့ စာရဂုံတွင်း
ဆင်းပါ့ သွေးချင်း။ ။

*(၁-၆-၁၉၉၅ နေ့ထုတ် မြဝတီဂျာနယ်၊ ရွှေတန်း၊ စာမူခ ၁၅ဝ/-)*

# ဒေါနအချစ်

- မွှေးမွှေးကြူကြူ ၊ ဖြူဖြူလွလွ
ပန်းလှစံပယ် ဂုဏ်တင့်တယ်။
- နီတျာရဲရဲ ၊ မြင်သူစွဲရ
မွှေးလည်းမွှေးကြိုင် နှင်းဆီခိုင်။
- ပန်းပိတောက်တို့ ၊ လျှမ်းတောက်ဝင်းဝါ
ဂုဏ်မြောက်ပါ၏ ကြိုင်ပါ၏။
- စံပယ်နှင်းဆီ ၊ ပိတောက်မည်ဖြင့်
ဂုဏ်ရည်သင်းပျံ့ ၊ ပြည်အနှံ့မျှ
ရနံ့အဆင်း ၊ ပြည့်တုံလျဉ်းလည်း
ခြောက်ခြင်းနိယာမ ၊ လွဲမရပါ
ကွယ်ပအဆင်း ၊ ရနံ့ကင်း၍
သတင်းဂုဏ်ကျ ၊ မြေသို့ခ၍
ကြွေမွလေရှာ မြေသြဇာ။
- ဒေါနပန်းမှာ
စိမ်းလန်းခြင်းသာ ၊ ဂုဏ်အင်္ဂါရှိ
ဆင်းမပြည့်လည်း ၊ မွှေးသည့်ရနံ့
သင်းကြိုင်ပျံ့၏ ၊ ရနံ့ကြူမွှေး
ရင်ဝယ်အေး၏ ၊ ရှည်ဝေးကာလ
ခြောက်သွေ့ကြလည်း ၊ နိယာမလွန်
မွှေးကြူစဉ်မြဲ ၊ တို့ရင်ထဲမှာ
မွှေးမြမွှေးရှာ မွှေးလျက်သာ။
- ကိုယ်တို့အချစ် ၊ ဒေါနချစ်မို့
အနှစ်အလ ၊ ကြာလွန်းလှလည်း
ဘဝအထွေထွေ ၊ ပြောင်းလဲလေလည်း
ကြာလေ မွှေးလေ
မွှေးမြဲလေပါ ချစ်သက်လျှာ။ ။

*(၁-၉-၁၉၉၀ နေ့ထုတ် ငွေတာရီမဂ္ဂဇင်း၊ စာမူခ ၅၀/-)*



ငယ်သူငယ်ချင်း ဒို ရောင်းရင်း

## ငယ်သူငယ်ချင်း အို့ရောင်းရင်း

ကမ်းခြေ ယာခင်း ၊ နွားစောင့်ရင်း
တို့များ ကြီးပြင်းလာခဲ့သည်။
စိမ်းမြ ဝါခင်း ၊ ဝါကောက်ရင်း
တို့များ ကြီးပြင်းလာခဲ့သည်။

မြရောင် စပါးခင်း ၊ စာစောင့်ရင်း
တို့များ ကြီးပြင်းလာခဲ့သည်။
ရွှေရောင် စပါးတလင်း ၊ တဲစောင့်ရင်း
တို့များ ကြီးပြင်းလာခဲ့သည်။

မန်ကျည်းပင် ထိပ်ဖျား
ကြက်ဆူသီး စားရင်း
တို့များ ကြီးပြင်းလာခဲ့သည်။

ငယ်သူငယ်ချင်း
အို့-ရောင်းရင်းရေ
မင်း အခု ဘယ်ရောက်နေလဲကွယ်။

အညာမြေ ၊ ရွာမြေကို
မမေ့ဘယ်ခါ ၊ သတိရပါလည်း
ရွာသို့မရောက် ၊ စိတ်နောက်ကိုယ်မပါ
ရောက်နေရာတွင် ၊ တစ်ထွာဝမ်းစာ
သမုဒ္ဒရာတွက် ၊ ခရီးဆက်ရင်း
အသက်တွေကြီး ၊ ပန်းတိုင်နီးပြီ
ပုတီးကိုလည်း မမေ့နှင့်နော်။ ။

*(၁၅-၇-၁၉၉၁ နေ့ထုတ်၊ မြဝတီဂျာနယ်၊ စာမူခ ၅၀/-)*

## နယ်ချဲ့ဘီလူး

တစ်ထောင်မြင်လျှင် တစ်ရာစွန့်သတဲ့
အညွန့်ခူးတတ်သူတို့တွေ
တို့အမျိုးကိုလေ တို့လူမျိုးက
အချစ်ဆုံးပ မှန်လိုက်လေ ၊
သွေးသားမဟုတ် အမျိုးယုတ်ကို
အဟုတ်မထင်နဲ့ မှားမယ်လေ ၊
ကုပ်သွေးစုပ်ကာ နယ်ချဲ့ရှိုင်းကွ
ခေတ်သမိုင်းက ပြသက်သေ ၊
အမျိုးဘာသာ လာမထိနဲ့
ရင်မှာမချိအောင် နာလိုက်လေ ၊
တစ်လက်မတောင် လာမကျူးနဲ့
နယ်ချဲ့ဘီလူး ငမိုက်တွေ
တိုက်လေ ခိုက်လေ။ ။

*(၁-၁-၁၉၉၁ နေ့ထုတ် ဒို့ကျောင်းသားစာစောင်၊
နောက်ကျောဖုံး၊ တမူခ ၅ဝိ/-)*

## ချစ်စကိုရှည်စေ

✍ ချစ်စကိုရှည်စေ ၊ မုန်းစကိုတိုလေ
ရန်မလိုကရန်ပြို ၊ ရန်လိုကရန်ပိုသတဲ့။

✍ ဆိုခဲ့စကား ၊ ဇာတ်တော်များက
အမှားမရောက် ၊ အမှန်ပေါက်ရန်
အထောက်အထား ၊ လမ်းပြသွား၏။

✍ မိုက်မှားသံသရာ ၊ လည်နေပါက
ခါခါဒုက္ခ ၊ ဝဲဩဃ၌
ဘဝများစွာ ၊ နစ်နေမှာကို
သေချာစေ့ငု ၊ သတိပြုကာ
ယခုပင်လျှင် ၊ မေတ္တာဝင်လို့
သန့်စင်စေတနာ ၊ ပန်းဝေဖြာမှ
သီတာရေသို့ အေးပေလိမ့်။ ။

*(၁-၆-၁၉၉၂ နေ့ထုတ် ဓမ္မတံခွန်၊ စာမူခ ၅၀/-)*

## နှလုံးလှရန်

✍ ငှက်ပျောပင်ကြီး ၊ အသီးသီးလျှင်
ပျက်စီးခြင်းသို့ ၊ သဘာဝသာပို့၏။
✍ ကျူပင် ဝါးပင် ၊ သီးပါလျှင်လည်း
ပျက်စီးခြင်းသို့ ၊ သဘာဝသာပို့၏။
✍ အဿတိုရ်မြင်းမ ၊ ကိုယ်ဝန်ရလည်း
ပျက်စီးခြင်းသို့ ၊ သဘာဝသာပို့၏
✍ ထိုနည်းတူပင် ၊ လောကတွင်လည်း
ကြည်လင်မှုနည်း ၊ နှလုံးမည်းညစ်
ကောက်ကျစ်ယုတ်မာ ၊ သူတို့မှာလည်း
ပျက်စီးခြင်းသို့ ၊ သဘာဝသာပို့၏။ ။

(ဒေဝဒတ်အားရည်ညွှန်း၍ မြတ်ဗုဒ္ဓ၏ဩဝါဒ ဒေသနာတော်မှ)

*(၁-၁၂-၁၉၉၂ နေ့ထုတ် ငွေတာရီမဂ္ဂဇင်း၊ စာမူခ ၇၅/-)*

# အသိမြတ်

✍ တစ်ခါတစ်ရံ
ပြုံးရပြန်၏ ၊ ရွှန်းပီတိ။
✍ တစ်ခါတစ်ရံ
ရယ်ရပြန်၏ ၊ ရွှင်အားပြည့်။
✍ တစ်ခါတစ်ရံ
မဲ့ရပြန်၏ ၊ နွမ်းရိရိ။
✍ တစ်ခါတစ်ရံ
ငိုရပါ၏ ၊ ခွန်အားချည့်။
✍ ဖြစ်တည်ပျက်ရ ၊ အနိစ္စနှင့်
ဒုက္ခဆင်းရဲ ၊ သူလည်းမဟုတ်
ငါလည်းမဟုတ် ၊ အစွဲပြုတ်က
အနတ္တသိ ၊ လင်းလက်ဘိသည်
ငြိမ်း၏အေး၏. . . ကြည့်တတ်လှည့်
မြင့်၏ မြတ်၏. . . သိတတ်လှည့်
မှန်၏ဟုတ်၏. . . လောကုတ္တရာ
အသိပါတကား။ ။

*(၁-၈-၁၉၉၄ နေ့ထုတ် လှိုင်မဂ္ဂဇင်း)*

## လှိုက်ကော်အလှ သာမောစွ

✍ ဘီလူးချောင်းက ၊ စိမ်းမြမြနှင့်
မြို့မလယ်တွင် ၊ တသွင်သွင်စီး
ရှုမငြီးတယ် သာမောဖွယ်။

✍ တောင်ကွဲစေတီ ၊ မြင့်ထက်ဆီမှ
နောက်ဆီတွင်မို့ ၊ နွားလည်ဘို့တောင်
တိမ်လိပ်မှောင်နှင့်
ရှုချင့်စဖွယ် သာမောဖွယ်။

✍ ချောင်းရေစိမ်းကြည် ၊ ဖြတ်ထားသည်က
ကန္တရဝတီတံတား ၊ အဖွေးသားနှင့်
ရွှင်အားရဖွယ် သာမောဖွယ်။

✍ ကန္တရဝတီဈေး ၊ ဗဟိုဈေးနှင့်
တောင်ဈေးမြောက်ဈေး ၊ နောင်ယားဈေးတွင်
ပြုံးရွှင်ချိုသာ ၊ မေကညာတို့
လာလို့ဝယ်ပါ ၊ ဖိတ်ခေါ်ကာနှင့်
ရှုချင့်စဖွယ် သာမောဖွယ်။

✍ တောင်ကွဲစေတီ ၊ မဝေးမီတွင်
ရှေးမီညှိမောင်း ၊ ဟော် အဟောင်းကို
ခေတ်ဟောင်းသင်္ကေတ ၊ အမှတ်တရဖြင့်
ရှုမဝတယ် သာမောဖွယ်။

✍ မြကလပ်တောင် ၊ ကုန်းမြင့်ယောင်ရှို
စူဠာမဏိစေတီ ၊ ယုံကြည်သဒ္ဓါ
ကိုးကွယ်ပါကြ ၊ ဘာသာရေးဖြင့်
သားရေးသမီးရေး ၊ ရင်ဝယ်အေးဖို့


သင်ပေးဗုဒ္ဓ ၊ ဆုံးမစကား
သင်အံကြားနာ ၊ အသံသာနှင့်
ရင်မှာကြည်နူးတယ် သာမောဖွယ်။

✍ လှိုက်ကော်မြို့နယ် ၊ ချိုကယ်ရွာကြော
တိလောကထွင့်ခေါင် ၊ ရန်မျိုးအောင်ဘုရား
တည်ထားကိုးကွယ် ၊ တောင်တန်းသွယ်နှင့်
တင့်တယ်သပ္ပာယ် သာမောဖွယ်။

✍ ပုဗ္ဗာရုံကျောင်း ၊ ရွှေတောင်ကျောင်းနှင့်
မင်းကျောင်းတစ်လီ ၊ စသည်ထင်ရှား
ကျောင်းတိုက်များတွင် ၊ တရားအားထုတ်
အလုပ်လုပ်သည့် ၊ ဥပုသ်သည်များ
မေတ္တာပွားရာ ၊ အေးရိပ်သာ၌
သံသာကြေးစည် ၊ ရင်ဝယ်ပီတိ
ရှုကြည့်မဝတယ် သာမောဖွယ်။

✍ ဩော်-သွေးသားတို့နေ ၊ ကယားပြေ (ပြည်) ခေါ်
မြို့လှိုင်ကော်မှ ၊ သာစွရှုခင်း
ကြည်နူးခြင်းနှင့် ၊ ပွင့်လင်းဖော်ရွေ
မျိုးဆွေကယား ၊ သွေးသားများကို
မေ့ထားမရ ၊ တသသဖြင့်
ရင်မှတွတ်တွတ် ၊ ဆိုမြည်ရွတ်မိ
တယ်ဗွီးတက်ဒရစ်။
တယ်ဗွီးတက်ဒရစ်။
တယ်ဗွီးတက်ဒရစ်။
(တယ်ဗွီးတက်ဒရစ်=ကျေးဇူးတင်ပါတယ်)

*(၁-၅-၁၉၉၀ နေ့ထုတ် ငွေတာရီမဂ္ဂဇင်း၊ စာမူခ ၅၀/-)*



# ကျေးလက်အလှ

## ကျေးလက်အလှ

✍ ပုလဲမိုးပေါက် သွန်းချရွာ
ကောက်ပျိုးစိမ်းမြဖြာ ၊
တောင်မြောက်ဝဲယာ ဘယ်ညာတိမ်း
လှပါ့ သူတို့ယိမ်း။

✍ မြရည်လိမ်းပြီး မကြာပေ
မြသီးတွေနဲ့ဝေ ၊
ကိုင်းညွတ်အောင်လေ ပွတ်လို့သီး
ကြည့်လို့ ရှုမငြီး။

✍ မြသီးတွေလည်း မကြာပါ
ရွှေဝါဖက်လို့လာ ၊
စပါးရွှေဝါ ပင်လုံးဝင်း
ရွှေရောင် စပါးခင်း။

✍ စာခြောက်ရင်းနဲ့ သီချင်းဆို
လယ်စောင့်လုံမပျို ၊
သနပ်ခါးကို ပါးမှာကွက်
မှုန်နံ့သာလေးညက်။

✍ ကျေးလက်အလှ သာယာဝေ
ပန်းချီ ရှုံးလောက်ပေ ၊
ပြုံးစေ ပျော်စေ မော်စေသား
စပါးတောင်လို ပုံတကား။ ။

*(၁-၁၁-၁၉၉၂ နေ့ထုတ် မြဝတီမဂ္ဂဇင်း၊ နှစ် ၄၀ ပြည့် အထူးထုတ်၊ စာမူခ ၇၅/-)*

## ကျီးမိုက်

ဆင်သေကောင်ပုပ် ၊ နံ့ဆိုးထုတ်လည်း
အဟုတ်မွေးကြိုင် ၊ ရနံ့လှိုင်တဲ့
သူပိုင်ပစ္စည်း ၊ အထင်ကြီးစွာ
ပင်လယ်မှာမျော ၊ ကျီးမိုက်ဖောဝင်
သေပွဲဝင်သို့ ၊ လူ့ခွင်လောက
မိုက်နောင်တကို ၊ နောက်ကျခြင်းငှာ
မရှိပါရေး ၊ တဏှာဘေးကို
ဝေးဝေးကပင် ရှောင်ပါလေ
အေးအေးမြလို့ နောင်တာရှည်။ ။

*(၁-၂-၁၉၉၆ နေ့ထုတ် မြစ်မခမဂ္ဂဇင်း၊ စာမူခ ၁၀၀ိ/-)*

## လုပ်သားအားမာန်

အင်္ဂလိပ်နယ်ချဲ့ ၊ တိုက်ထုတ်ခဲ့ရာ
လုပ်သားပါ၏။

ဖက်ဆစ်ဂျပန် ၊ တွန်းလှန်ခဲ့ရာ
လုပ်သားပါ၏။

သူ့ကျွန်မခံ ၊ မျိုးမာန်မချ
ဇွဲလုံ့လနှင့် ၊ ရရာလက်နက်
စွဲကိုက်လျက်ဖြင့် ၊ အသက်သွေးချွေး
တို့စတေးခဲ့။

အရေးကြီးလျှင် ၊ သွေးစည်းခဲ့ကြ
အရေးကြုံလျှင် ၊ သွေးဆုံခဲ့ကြ
သာမကထင်ရှား ၊ တို့သွေးသားနှင့်
တို့များလူမျိုး ၊ ဇွဲမာန်မျိုးကို
အမျိုးယုတ်တွေ ၊ မသိလေရော့သလား။

တို့အိမ်တွင်းရေး ၊ သာယာရေးကို
လေအေးတစ်လှည့် ၊ လေပူထည့်၍
ဖွဲ့သလိုလို ၊ ခွာသလိုလို
စွာသလိုလို ၊ ဘာလိုလိုတွေ
အပိုအလုပ် ၊ လာမရှုပ်နဲ့
ကျုပ်တို့အင်အား ၊ တိုင်းရင်းသား
ကျုပ်တို့အမျိုးသား ၊ သွေးစည်းပြီးသား။ ။

*(၁၉၈၉ ခုနှစ်၊ မေလထုတ် နေခြည်မဂ္ဂဇင်း၊ အဖွင့်ကဗျာ၊ စာမူခ ၁၀၀/-)*

## အမျိုးသားပြန်လည်ပေါင်းစည်းရေးအောင်ပန်း

သွေးသားရင်းချာ ၊ ကြိုဆိုကာဖြင့်
ကာလရှည်ကြာ ၊ ကွဲကွာခွေမျိုး
ရန်ငြိုးကိုရှောင် ၊ ပြည်ထောင်ကောင်းဖို့
လက်တွဲစို့နော် ၊ ဖိတ်ခေါ်အပျိုး
နှလုံးသားဖြူ ၊ ပျူငှာသူချင်း
လက်ချင်းယှက်ကာ ၊ တွဲလက်ညီညီ
ရှေ့သို့ချီပြီး ၊ ရွှေပြည်သာစွ သာစွလေ။

တို့ပြည်အောင်ပန်း ၊ တို့ဆင်မြန်း၍
တို့လမ်းသာယာ ၊ ရွှေပြည်သာကို
ဝဲ ယာ ရန်သူ ၊ အဖျက်လူတို့
ဘယ်သူ ဝံ့လာနိုင်မည်နည်း
အောင်လံတလူလူ ၊ လွှင့်လာနိုင်ပြီတည်း။ ။

(မြဝတီဂျာနယ်၊ ရွှေတန်းကဗျာ၊ စာမူခ ၁၅၀/-)

## စကားကြီး လေးခွန်း

✍ 'စည်းလုံးခြိုးခြံ ၊ အလုပ်လုပ်ရန်နှင့်
စည်းကမ်းမှန်မှန် ၊ စောင့်ထိန်းရန်' ကို
ငါတို့ဗိုလ်ချုပ် ၊ မိန့်ခွန်းထုတ်ခဲ့
အဟုတ်ချစ်ပြား ၊ သူ့စကားအတိုင်း
လုပ်သားပြည်သူ ၊ ကြည်ဖြူလက်တွဲ
ဆင်နွှဲဆိုရှယ်လစ် ၊ ခေတ်သစ်လှဘောင်
တို့တည်ထောင်စို့ ၊ ညီနောင်တိုင်းရင်းဖွား
တို့သွေးသား။ ။

*(၁-၆-၁၉၇၉ နေ့ထုတ် မြဝတီမဂ္ဂဇင်း၊ စာမူခ ၁၀/-)*

## တောအလှ

ယောချောင်းရေကြည်မြမြ
သောက်လိုက်ပါ့အမောပြေ။
စိမ်းလဲ့ပြာကြက်သွန်ခင်းမှာ
တေးချင်းသံဝေ။
ကြည့်လေလေ
တောင်တန်းတွေရှုမဆုံး။
သဲသောင်မြေဖြူလွလွ
ငွေလရောင်ဖုံး။
ဒေါင်းဖန်ဝါအနောက်ယွန်းချိန်မို့
တောက်ထွန်းလို့ထိန်ဝါ။
ရုပ်ဆိုးသူ ပို၍လှ
မြရည်ဆည်းဆာ။
ပျိုကညာ
ဆိုပါဘိတေးချိုမြ။
ရေခပ်လမ်းပေမို့
ရွှင်လန်းစရာ ပသာဒတွေနှင့်
ကညာနှမ အနားမှာဖြင့်
ကာလသားတွေ ပလွေကျူး
ထူးတဲ့အလှ။ ။

(၁-၇-၁၉၈၅ နေ့ထုတ် တောင်သူလယ်သမားဂျာနယ်၊ စာမူခ ၂၅/-)

## ပန်းတိုင်သို့

✍ စိုက်ရေးပျိုးရေး အကျိုးဆောင်
မြန်ပြည်ဘောင်စည်ဖို့။
"တောင်သူလယ်သမား" တဲ့
လုပ်အားရှင် လယ်ပြင်တစ်လျှောက်မှာ
ချွေးပေါက်ဖြာ ဒိုးယိုစီး
အံ့ချီးဖွယ်မို့။

✍ ကုန်ချောထုတ်လုပ် စက်ရုံတွေ
တို့မြန်ပြေတလွှား။
"အလုပ်သမား" တဲ့
လုပ်အားရှင် လုပ်ခွင်တစ်လျှောက်မှာ
ချွေးပေါက်ဖြာ ဒိုးယိုစီး
အံ့ချီးဖွယ်များ။

✍ ကုန်ကြမ်းဆို "တောင်သူ" ထုတ်
ကုန်ချောလုပ် "လုပ်သား" တွေ
တို့မြန်ပြေ စည်ပင်ရေးအတွက်
ချွေးစက်သက်သေ။
လူတန်းစား နှစ်ရပ်ပေ
အခြေခံလူထု။
"တောင်သူ" "လုပ်သား" ရယ်ဟု
ဝင့်ကြွားဂုဏ် စွယ်စုံဖက်
လက်ချင်းဆက် ခိုင်ခိုင်မြဲ
ဖွဲ့နှဲ့ရှေ့ရှု။ ။

*(၁-၇-၁၉၈၅ နေ့ထုတ် တောင်သူလယ်သမားဂျာနယ်၊ စာမူခ ၂၅/-)*

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးသို့



## ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးသို့

✍ ကြံ့ခိုင်ဖွံ့ဖြိုးရေး
တို့တွေးလို့ မျှော်ကာရည်။
ပြည်ထောင်စု မပြိုကွဲရေး
သွေးစည်းကြပြီ။

✍ အချုပ်အခြာ ၊ အာဏာတည်ရမည်
တို့ပြည်သူတွေအတွက်ပဲ။
မျိုးဇာတိ ဂုဏ်မြင့်စေဖို့
ဘိုးဘွား အတိတ်ဂုဏ် မမေ့ပါနှင့်
အမျိုးသားစိတ် အဟုတ်လွှင့်ခါပ
ဖွံ့ဖြိုးမှုအရှိန် မမိုတ်မသုန်မြှင့်စို့ကွယ်
တွေးချင့်လက်တွဲ။ ။

*(၁၅-၂-၁၉၉၄ နေ့ထုတ် မြဝတီဂျာနယ်၊ အဖွင့်ကဗျာ၊
စာမူခ ၁၀၀ိ/-)*

## ဘိုးဘွားအမွေ

✍ တောင်တံတိုင်းကြီးတွေ ဝန်းရံနေ
အမိမြန်မာပြေ (ပြည်)
မြစ်မင်းဧရာစီးဆင်းနေ ၊ အမိမြန်မာပြေ (ပြည်)
သီးပွင့်ပဒေသာ ဖွံ့ဖြိုးဝေ ၊ အမိမြန်မာပြေ (ပြည်)
မြစိမ်းသစ်တော မှိုင်းညို့ဝေ ၊ အမိမြန်မာပြေ (ပြည်)
ပတ္တမြား ကျောက်သံ ရောင်လျှံဝေ ၊ အမိမြန်မာပြေ (ပြည်)
မေတ္တာ ကရုဏာ မုဒိတာဝေ ၊ အမိမြန်မာပြေ (ပြည်)
အလှူဒါန ပေးမှုဝေ ၊ အမိမြန်မာပြေ (ပြည်)
အကျင့်သီလ မွန်မြတ်ပေ ၊ အမိမြန်မာပြေ (ပြည်)
အမိမြန်ပြေ (ပြည်) ၊ ရတနာမြေကား
သဒ္ဓါတရား ၊ ဒီရေလားသို့
ကမ္ဘာတစ်လွှား ၊ ရှာမှရှား၏
တို့များတစ်တွေ ၊ မယိမ်းနဲ့လေ
ဘိုးဘွားအမွေ ထိန်းစို့မသွေ။ ။

*(၁-၇-၁၉၉၅ နေ့ထုတ် တို့ကျောင်းသား၊ စာမူခ ၄၅/-)*

## ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရတုပိဒ်စုံ

**သွေးစည်းညီညာ** ၊ အောင်ကြောင်းဖြာသား ၊ ကြံ့ခိုင်ပြားမှ ၊
တို့များပြည်ထောင် ၊ ခွန်ရှည်ဆောင်ရေး ၊ ဖွံ့ဖြိုးရေးနှင့်အရေးသုံးပါး၊
လက်ကိုင်ထား၍ ၊ ပြည်သားပြည်သူ၊ ၊ လက်တွဲကူလို့၊ ကြည်ဖြူ
သဒ္ဒါ ၊ ဝိုင်းဝန်းကာဖြင့် ၊ ပြည်ရွာကောင်းဖို့ ၊ ပါဝင်စို့ဟု ၊
အမြို့မြို့ရွာ ၊ စည်ပင်စွာဖြင့် ၊ ညီညာဖြဖြ ၊ ဖွဲ့စည်းကြသည် ၊
ကမ္ဘာ့ဘုံလယ်တင့်စေသောဝ်။

**ရှေးနည်းပိစ္စာ** ၊ သွေးစည်းကာပ ၊ ညီညာမှုတည့် ၊ ပြည်သာသည့်မူ၊
စံနမူများ ၊ ပြခဲ့ပြား၏။ သွေးသားဇာတိ ၊ အမျိုးထိက ၊ မချိအောင်နာ၊
တိုက်ခဲ့တာကြောင့် ၊ ပြည်ရွာလွတ်လပ် ၊ အောင်ပန်းမြတ်ကို၊
ထက်ကြပ်မကွာ ၊ ရခဲ့ပါ၏။ မျိုးဇာတိဂုဏ်၊ ရောင်ဟုန်မြင့်မား၊
လွှင့်ထူသွားမှ၊ တိုင်းခြားမနှော၊ သွေးမရောဘဲ၊ မကွဲညီညာ၊
အောင်ပန်းဖြာသည်၊ မြန်မာ့ဂုဏ်ထည် ဝင့်စေသောဝ်။

**ရေကြီးဒီခါ** ၊ သွေးစည်းပါကြ ၊ နိုးကြားထလို့ ၊ မြန်မာ့မြေတွင် ၊
အောင်ပန်းလွှင်လို့ ၊ ပြည်ခွင်တစ်လွှား ၊ သီးထပ်ပွား၍ ၊ ထွက်ပြား
ကောက်နှံ ၊ ရွှေရောင်လျှံဖြိုး ၊ အထွက်တိုး၍ ၊ တန်ခိုးရှိန်တောက်၊
ရတနာကျောက်တို့ ၊ ပြည့်မောက်ထွက်လာ ၊ သာသနာလည်း ၊
ရောင်ဝါတင့်ဖြိုး ၊ ကျက်သရေတိုးလို့၊ ရွှေမိုးငွေမိုး ၊ ရွာသွန်းဖြိုးပါ့၊
ဂုဏ်တင့်လှသည် ၊ စံပြဂုဏ်ကြွယ် မြင့်စေသောဝ်။ ။

*(၁-၁၂-၁၉၉၄ နေ့ထုတ် မြဝတီမဂ္ဂဇင်း၊ အဖွင့်ရွှေတန်းကဗျာ၊ စာမူခ ၁၅ဝိ/-)*

## ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်

✍ ကိုယ်ထီးကိုယ်နန်း ၊ ကိုယ်ကြွင်နှင့်
တခမ်းတနား ၊ ဝံ့ဝံ့ကြွားရှင့်
နှစ်များရှည်ကြာ ၊ ပြည်မြန်မာဟု
ကမ္ဘာတစ်လွှား ၊ လွှန်ကျော်ကြားခဲ့
ဘုန်းထွားနေလို ၊ တောင်မြင်းမိုရ်ထိပ်
ဂုဏ်ပိုဟိတ်ကြောင့် ၊ ရန်ဆိပ်အတောက်
ကြားမျှကြောက်၍ ၊ စိတ်ချောက်ချားစေ
တန်ခိုးဝေလို့ ၊ ဘိုးတွေဘေးတွေ
အလျှံဝေအောင် ၊ မြန်ပြေ (ပြည်) သရဖူ
ဆောင်ခဲ့ယူ၏ ၊ ဇမ္ဗူလုံးတွင်
ကမ္ဘည်းတင်စေ ၊ ရွှန်းတင့်နေတာ ပြည်မြန်မာ။

စည်းကမ်းဖောက်၍ ၊ ထီးနန်းပျောက်ရ
ကမောက်ကမ ၊ ကျွန်ဘဝမှ
လွတ်ရဖို့ရေး ၊ ပြည်သူ့သွေးတွေ
ဘိုးဘေးတွေစွန့် ၊ အသက်နှင့်ရင်း
လက်ဆင့်နှင်းခဲ့ ၊ မွန်မြတ်တဲ့စိတ်
တရိပ်ရိပ်နှင့် ၊ လျှံဖိတ်ပြည့်မောက်
ရဲရဲတောက်ခဲ့ ၊ သပေါက်ဘဝ
လွတ်လပ်မှုဟု ၊ အာဂစိတ်ထား
ဇာနည်ဖွားတို့ ၊ စွန့်စားစွန့်လွှတ်
တိုင်းပြည်ချစ်လို့ ၊ နွံနစ်ရာမှ
ရုန်းကန်ထ၍ ၊ အဖဗိုလ်ချုပ်
စံပြလုပ်သော် ၊ အောင်ဆန်းနော်ဟု
ပြည်တော်တစ်လွှား ၊ လွန်ကျော်ကြား
ကမ္ဘာတစ်လွှား ၊ ရှာမှရှား။

လွတ်လပ်ရေးပန်း ၊ ဆွတ်ချူမြန်းဖို့
စိတ်ဝမ်းလက်ညီ ၊ လက်တွဲသည်ခါ
အောင်ပန်းမှာလည်း ၊ ရခါနီးတွင်
အပြီးရက်စက် ၊ ရန်သူ့လက်ဖြင့်
အသက်စွန့်ရှာ ၊ သူ့နေရာတွင်
ဆက်ခါတာဝန် ၊ ထမ်းဆောင်ပွန်ပြီး
ဗိုလ်ချုပ်ကြီးဟု ၊ ဝေးနီးကျော်ကြား
လူသိများသည် ၊ ပြည့်သားခေါင်းဆောင်
ဦးရှုမောင်က ၊ ပြည်ထောင်တာဝန်
ဆက်လက်ရှင်ခဲ့ ၊ အမြင်ကွဲ့။

ခရီးဆက်မြန်း ၊ လက်ဆင့်ကမ်း၍
တက်လှမ်းခဲ့ရာ ၊ ခရီးတာကား
နှစ်ကြာခဲ့ပြား ၊ ရာထောင်များလဲ
တွဲထားလက်တွေ ၊ မဖြုတ်လေမှ
စည်းပြေဝါးမျိုး ၊ ဖြစ်မဆိုး၍
အမျိုးဂုဏ်မှာ ၊ မညှိုးပါဘဲ
ရှည်ကြာနှစ်ညောင်း ၊ နှစ်ထောင်သောင်းပင်
အောင်မောင်းကြည်မြ ၊ အောင်းခြင်းခလို
ကိုယ်ကျရာဝန် ၊ တွဲလက်ယှဉ်ဖော်
တပ်မတော်ပြည်သူ ၊ စဉ်ကြည်ဖြူက
ထာဝရရှင် ၊ လှပန်းလွှင်လိမ့်
ပြည်ခွင်တစ်လွှား ၊ ပြိုင်စံရှား
အရေးသုံးပါး ၊ ဦးထိပ်ထား
ပြည်သူမွေးဖွား ၊ ရင်နှစ်သား
စွန့်လွှတ်စွန့်စား ၊ ပြည်သူ့တပ်မတော်သား။

ခေတ်အဆက်ဆက် ၊ စွမ်းအားထက်စွာ
အသက်ပေး၍ ၊ ပြည်ရေးဝန်တာ
နေ့စဉ်သာထမ်း ၊ မနားတမ်းပါ
တည်ဆောက်ကာသွား ၊ လမ်းတံတားနှင့်
ဖောက်ပြားဆည်မြောင်း ၊ လုပ်အားကောင်း၍
နှစ်ထောင်းအားရ ၊ သပြေမြနှင့်
ရွှန်းပကြိုဆို ၊ အချစ်ပိုသည်
ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်
တို့တိုင်းပြည်ရဲ့အား မဏ္ဍိုင်များပါတကား။ ။

*(၂၇-၃-၁၉၉၅ နေ့ထုတ် နှစ် (၅၀) ပြည့်ရွှေရတုတပ်မတော်နေ့ မဂ္ဂဇင်း၊ စာမူခ ၂၀၈/-)*

# မြတ်သုခ

ဖဝါးလက်နှစ်လုံး ၊ ပခုံးလက်နှစ်သစ်
ဝါးဖတ်နှစ်ဖြင့် ၊ လူဖြစ်အောင်ကျွေး
တသွေးတမွေး ၊ ဖြစ်လာခဲ့သည်။

အရွယ်ရောက်လျှင် ၊ ပညာသင်ပေး
တတ်ရေးသိရေး ၊ လိမ္မာရေးနှင့်
ကျွေးမွေးသမှု ၊ ကျေးဇူးထုကား
မြင်းမိုရ်တောင်ထု ၊ မကပါကလား။

မြင်းမိုရ်တောင်ဦး ၊ မကကြူးမျှ
ကြီးလှကျေးဇူး ၊ ဆပ်ခဲ့ဖူးတာ
ငါ့မှာဘယ်မျှ ၊ ဆီးစေ့မျှသာ
ရှိလိမ့်မှာပါကလား။

မိဘကျေးဇူး ၊ ဂုဏ်အထူးကို
ဖော်ကျူးခြင်းငှာ ၊ မစွမ်းသာမျှ
ကြီးမားလှဘိ ၊ ငါ့မှာဝန်တာ
ရှိသည်ငှာကို ၊ ဘယ်ခါဆပ်ရ
ကျေပွန်ပါ့မည်နည်း။

ဩော် . . . အနိစ္စသတိ ၊ အသိတစ်ချက်
ရောင်ဝင်းလက်ပြီး ၊ မနက်ဖြန်ဒီနေ့
ဟိုနေ့သည်နေ့ ၊ ရက်မရွေ့နှင့်
ဒီနေ့ချက်ချင်း ပေးဆပ်မှ
မိသရွှေလက်ငင်း မြတ်သုခပါတကား။ ။

*(၁-၃-၁၉၉၅ နေ့ထုတ် ရုပ်စုံမဂ္ဂဇင်း၊ စာမူခ ၁၀၀/-)*

## ခေတ်သစ်ဆုံးမစာ

### သူဌေးနှင့်ကလေး

သူဌေးကိုလည်း မကြိုက်နှင့်
ကလေးကိုလည်း မရိုက်နှင့်
သူဌေးကိုကြိုက်တော့ နှိမ်တတ်သည်။
ကလေးကိုရိုက်တော့ ကျိန်တတ်သည်။

### နွားပိန်နှင့် ကလိန်

နွားပိန်ကိုလည်း မထူနှင့်
ကလိန်ကိုလည်း မကူနှင့်
နွားပိန်ကိုထူတော့ ၊ လူဌေ့တတ်သည်
ကလိန်ကိုကူတော့ ၊ ပူငွေ့ပတ်လည်။

### သူ့ဆန်နှင့် သူ့ခြံ

သူ့ဆန်ကိုလည်း မစားနှင့်
သူ့ခြံကိုလည်း မသွားနှင့်
သူ့ဆန်စားတော့ ရဲရမည်။
သူ့ခြံသွားတော့ အတွဲရမည်။

### ကောလာဟလနှင့် ချောကညာ

ကောလာဟလလည်း မယုံနှင့်
ချောကညာနှမလည်း မပုံနှင့်
ကောလာဟလယုံက လွဲတတ်သည်။
ချောကညာနှမပုံက မွဲတတ်သည်။

## ခေတ်သစ်ဆုံးမစာ

### ပစ္စည်းနှင့်ချစ်ဇနီး

✍ ပစ္စည်းကိုလည်း အလွယ်မထားနှင့်
ချစ်ဇနီးကိုလည်း အငယ်မထားနှင့်
ပစ္စည်းကို အလွယ်ထားတော့
ဆုံးပါးသွားတတ်သည်
ချစ်ဇနီးကို အငယ်ထားတော့
လုံးပါး ပါးတတ်သည်။

### စကားနှင့်အစား

✍ စကားကိုလည်း ထင်တိုင်းမဆိုနှင့်
အစားကိုလည်း ဝင်တိုင်းမမျိုနှင့်
စကားကိုထင်တိုင်းဆိုတော့
လူတကာမုန်းတတ်သည်
အစားကို ဝင်တိုင်းမျိုတော့
စူစကာထုံးမှတ်အတည်။

### အနာဝနှင့် ဆရာမ

✍ အနာဝလည်း မနှိုက်နဲ့
ဆရာမလည်း မကြိုက်နှင့်
အနာဝနှိုက်တော့ ရောဂါပွားတတ်သည်။
ဆရာမကြိုက်တော့ ဩဇာများတတ်သည်။

*(၁-၃-၁၉၉၁ နေ့ထုတ် သောကြာစာစောင်)*

## နှစ်သစ်မင်္ဂလာ

သီလပွင့်ဖူး အကျင့်ထူး
ဆွတ်ခူးပန်လေ ကျက်သရေ
စည်ဝေတင့်ဖြိုး သဒ္ဓါမိုး
ရွာသွန်းတိုးလေ ချိန်တိုင်းပေ
မြတ်လေမြတ်ပ့ါ ဤတစ်လ
လှတယ်လေ့ ၊ လှတယ်လေ့။

ဒါနဝေညီ မဟာစည်
သာကြည်ချမ်းမြေ့ နှစ်သစ်နေ့
လှူပေ့ဥစ္စာ ပဒေသာ
သာစုခေါ်ပေ့ မြတ်ဓလေ့
မွေ့တယ်လေ့ ၊ မွေ့တယ်လေ။

ဘာဝနာထူး တရားဦး
ဖူးပွင့်ဝေဆာ ပွားများကာ
ကြည်သာရွှန်းတင့် ပါရမီမြင့်
တင့်တယ်လေ ၊ တင့်တယ်လေ။

ဒါန သီလ ဘာဝနာ - အစည်သာညွှတ်စေအတည်
ဒါမှ ဒီဘဝသံသရာ - လျှင်စွာလွတ်ပေမည်။ ။

*(၁-၅-၁၉၉၅ မြစ်မခမွေ့သဝဏ်မဂ္ဂဇင်း၊ အဖွင့်ကဗျာ၊ စာမူခ ၁၀၀/-)*


ဒို့တာဝန်

# ဒို့တာဝန်

✍ ဂျီအီးစီမှာ ဈေးဝယ်ပါ. . . တဲ့
ပျူငှာဖော်ရွေ ၊ မေတ္တာဝေမျှ
သက်သာကြစေ ၊ ရကြစေ၏
မရှိအတူ ၊ ရှိအတူနှင့်
အေးတူပူမျှ ၊ ဖြန့်ဝေငှလို့
ဖေးမကူညီ ဂျီအီးစီ။

✍ ဟိုတစ်ချိန်က ၊ သားဝမယားဝ
ဆိုခဲ့ကြတာ ၊ နားမှာကြားယောင်
မှန်အောင်ပြုကျင့် ၊ အသိနှင့်ယှဉ်
ကိုယ့်ဝန်ကိုယ့်တာ ၊ ကျေခဲ့ပါပြီ
ဂျီအီးစီ။

✍ သာမျိုးဝေစည် ၊ ဂျီအီးစီကား
ဝန်ထမ်းများ၏ ၊ ပန်းများပွင့်ခါ
ပြုံးဝေဆာလျက် ၊ သာယာဥယျာဉ်
မြဲပျော်ရွှင်ဖို့ ၊ ဒို့တွင်တာဝန်ရှိသည်
မဟုတ်လား။ ။

*(၁-၄-၁၉၉၄ နေ့ထုတ် C.E.C မဂ္ဂဇင်း၊ အဖွင့်ကဗျာ၊ စာမူခ ၁၀၀/-)*

## သာဆန်းစုံတဲ့ စာပန်းရံ

- ဒီဥယျာဉ်မှာ ၊ ရောင်စုံဖြာလို့
ရတနာပန်းပွင့် ၊ ငွားငွားစွင့်လျက်
နွန်းတင့် ကျက်သရေ ၊ တက်ဖြိုးဝေ။

- ရနံ့ကြိုင်ကြိုင် ၊ ဤပန်းမြိုင်တွင်
ပြိုင်ဆိုင်တုပ ၊ ရှုမဝအောင်
အလှကျက်သရေ ၊ တက်ဖြိုးဝေ။

- မွှေးကြူရနံ့ ၊ လေအဖြန့်တွင်
အနံ့ရင်တွင်း ၊ ကြိုင်လှိုင်သင်းကာ
ကိုယ်တွင်းအားတွေ ၊ တက်ဖြိုးဝေ။

- သာဆန်း ရဂုံ
ဤမြိုင်စုံတွင် ၊ ကြုံဆုံတွေ့ရ
ပသာဒ ဝေ ၊ အလှတွေက
ကြည့်လေ မဝ ၊ ရှုမဝပါ။

- အလှဖြည့်ကျင်း ၊ စာပန်းခင်း
စာပန်းရဂုံ ၊ လှမျိုးစုံ
ရောင်စုံဖူးစွင့် ၊ စာပန်းပွင့်
အသင့်ဆွတ်ချူ ၊ ရနံ့ရှုလှည့်
ခံစားလှည့်ဟု ၊ ပြုံးနဲ့ဖိတ်သည်
သင်လာလည်ပါ
မြဝတီဆိုသည့် ဥယျာဉ်သာ။ ။

*(၁-၈-၁၉၉၄ နေ့ထုတ် မြဝတီမဂ္ဂဇင်း၊ ရွှေတန်းကဗျာ၊ စာမူခ ၁၀၀/-)*

## မြန်မာ့ဂုဏ်ရည် သာသနာ့အာဇာနည်

ဝိနန်ကျွန်းကား ၊ မလေးရှား၏
သီရိကျက်သရေ ၊ တက်ဖြိုးဝေဖြာ
ကျွန်းသာယာဟု ၊ သူငါအများ
လူသိများ၏။

တောင်များတံတိုင်း ၊ နောက်တောင်ပိုင်း၌
ကာဝိုင်းသလို ၊ အလှပိုနေ
စိုပြည်စိမ်းလန်း ၊ ရောင်စုံပန်းတို့
ပွင့်လန်းဝေဆာ ၊ မြကမ္ဘလာသို့။

ကမ်းသာပင်လယ် ၊ ရေပြင်ကျယ်နှင့်
တင့်တယ်လှပ ၊ သာမောစွတည့်
တောင်မ တောင်စွယ် ၊ တောင်ထွတ်သွယ်လို့
လျှိုငယ်ကမ်းပါး ၊ ပန်းရုံပွားကာ
လိပ်ပြာမွေးမြူ ၊ အလှချူဘိ။

ရွှန်းပီတိဖြာ ၊ ပန်းဝေဆာလို့
လေမှာသင်းကြူ ၊ လှဆန်းကူပြီး
ရှုမငြီးပါ ၊ ဝေဆာဖူးပွင့်
လှဂုဏ်ဝင့်ချီ ၊ ပြုံးပွင့်စီ၏။

ကျွန်းပီနန်ကား ၊ မလေးရှား၏
လှငြားခေဝီ ၊ ပျို့မဒီအလား
ပြိုင်စံရှား၏။

ပင်ထွားပင်ကြီး ၊ ရိပ်ကြီးမြိုင်ဆိုင်
လက်ယှက်ကိုင်သို့ ၊ သီးပြိုင်ပွင့်ဖြာ
ဆယ့်နှစ်ရာသီ ၊ သာမျိုးစည်၍
ကြည်ရွှင်သာမော ၊ ပန်းမြိုင်တောမှာ။

ဦးပညာဝံသ ၊ ဘွဲ့နာမဖြင့်
ဗုဒ္ဓသာသာ ၊ ရောင်ဝါနေသို့
ထွန်းစေဖို့ရည် ၊ ရောက်သည်ဤဌာန
ထိုထိုသူပြု ၊ စွမ်းဆောင်မှုကား
အံ့မှုအံ့ဖွယ် ၊ ကမ္ဘာ့ဝယ်အနှံ့
ထွန်းကျယ်ပြန့်ပါ ၊ မြန်မာ့ဂုဏ်ရည်
သာသနာ့အာဇာနည်ကို
ကြည်ညိုသဒ္ဒါ ၊ ရှိခိုးကာဖြင့်
မေတ္တာရေလောင်း ၊ ကျွန်ဆုတောင်းသည်
ဆရာတော် နှစ်ပေါင်းရာကျော်
အသက်ရှည်ပါစေသော်။ ။

*(ဆရာတော်ကြီးပူဇော်ပွဲ၊ ၂၆-၄-၁၉၉၄ သမ္မတဟိုတယ်၌ စာအုပ် လက်ဆောင်ရရှိ စာမူအတွက် ပစ္စည်းစုံ ၅၀၀ ဖိုးခန့်ပေးသည်)*
*"ပန်းမျိုးတစ်ရာစာပေစာပန်းအလင်္ကာကဗျာများစာအုပ်"*

## အမေ့ရွာ

✍ တောင်တန်းကြီးတွေ မှုန်ရီဝေ
ကြည့်လေလေ သာယာပ ၊
တောင်ခြေမှာ ယောမြစ်စီး
ရှုမငြီးလှ။

✍ ချောင်းစပ်က ကြက်သွန်ခင်း
ကမ္ဘာလာမြ ခင်းသည့်နှယ် ၊
လုံမေပျို မယမင်းတို့
လှလွန်းလှတယ်။

✍ ကြက်သွန်ခင်း စောင့်ရင်းကွယ်
တေးချင်းငယ် သီဆိုက
ဖိုးတုတ်ရဲ့ ပလွေသံနှော
တို့တောအလှ။

✍ သဲတွင်းမှ ရေကိုခပ်
သဲသောင်စပ် ငွေရည်လျှံ ၊
လုံမပျို ရေအိုးပင့်
တင့်လှပေဟန်။

သူရိယ ဖန်နေဝန်း
ဂေါယာကျွန်း ယွန်းလို့မှိန် ၊
ရောင်ဝါလေ ရွှေလိုအိ
လှလွန်းသည့်ချိန်။

နွေဂိမာန် ဒီကာလ
တောအလှ မမေ့ပါ ၊
အမေ့ရွာ အမေ့လမ်း
သာလွန်းလှတာ။

အလွမ်းရယ် မဖြေသာ
ရင်မှာကွဲ့ ရှိုက်မူး
တို့ကျေး အညာ သာမလေ့ပေမို့
နှစ်ပေါင်းကြာ ရာထောင်ပြည့်စေတော့
မေ့နိုင်ပါဘူး။ ။

*(၁-၃-၁၉၉၄ နေ့ထုတ် မြဝတီမဂ္ဂဇင်း၊ စာမူခ ၃၅/-)*

## ထူးတဲ့ဒီပွဲ

✍ **ရွှေရည်ဝင်း** -

ကြိုင်သင်းပါတဲ့ ၊ ပိတောက်ရွှေဝါ
နှစ်စဉ်သာ ပွင့်ပါကြ ၊ တန်ခူးလ ဒီချိန်ခါ
ပျိုမေတို့ ဆင်မြန်းရာ ၊ ရွှင်လန်းပါ အမြဲ
တို့မြန်မြေ (ပြည်) နှစ်သစ်ကူး ၊ ထူးတဲ့ဒီပွဲ။

✍ **အေးချမ်းမြ** -

မွှေးချမ်းကြ ရေကြည် မင်္ဂလာ
မာစေ သာစေကြောင်း ၊ တောင်းဆုခါခါ
ဘေးဘယာများ ကင်းစေရာ ၊ ပို့မေတ္တာအမြဲ
နှစ်သစ်မှာ ရွှင်ကြည်နူး ၊ ထူးတဲ့ဒီပွဲ။

✍ **ပူဇော်မိ** -

ရိုသေဘိ ဖမိ ဆရာ
သွားရောက်ကာ ကျောင်းကန်ဘုရား ၊ ပြုငြား ကုသလာ
လှူဒါန်းကြ ပစ္စည်း အဖြာဖြာ ၊ ကြည်နူးစွာ အမြဲ
နှစ်သစ်မှာ မင်္ဂလာဦး ထူးတဲ့ဒီပွဲ။

✍ **များရှင်မှူ** -


သားရှင်ပြု ရဟန်းခံကြသလေ
တို့မြန်မြေ (ပြည်) သူ ငါ အပေါင်း ၊ ကောင်းမှု အထွေထွေ
နိုးရာဓလေ့ မမေ့ပါလေ ၊ နှစ်စဉ်လေ အမြဲ
တို့မြန်မြေ (ပြည်) နှစ်သစ်ကူး ၊ ထူးတဲ့ဒီပွဲ။

✍ **ကျွေးမွေးကြ** -

ချွေးထွေးပါ ၊ စတုဒိသာ
ယုတ်လတ်မှာ မြတ် မရွေး ၊ အလှူပေး မြိုင်ဆိုင်စွာ
ပြည်သူတိုင်း ပြုံးပန်းကုဋေကုဋာ ၊ ပွင့်ပါကြ နှစ်စဉ်အမြဲ
တန်ခူးလ နှစ်သစ်ကူး ၊ ထူးတဲ့ဒီပွဲ။ ။

*(၁-၄-၁၉၉၄ နေ့ထုတ် မြဝတီဂျာနယ်၊ အဖွင့်ကဗျာ၊ စာမူခ ၁၀၀/-)*

# ဝင်ချင်းဆက်ရှ် တိုင်းချင်းယုက်ခါ



## ပင်ချင်းဆက်၍ ကိုင်းချင်းယှက်ခါ

- တောင်မြောက်ဝဲယာ ၊ ကြည့်လေရာတွင်
မြကမ္ဗလာ လွှမ်း ၊ သစ်တောတန်းနှင့်
တောင်တန်းမြင်းမိုရ် ၊ ပြာညိုမှိုင်းမှောင်
လျှိုမြောင် စိမ့်စမ်း ၊ ရောင်စုံပန်းနှင့်
သာစမ်းပါဘိ ၊ တော၏အလှ
ရှုမဝနိုင်ပါတကား။

- တချို့များလေ ၊ ကြီးမားပင်စည်
ထန်းအုန်းညီသို့ ၊ လုံးထည်ဖွံ့ဖြိုး
ထိုးထိုးထောင်ထောင် ၊ မိုးထိအောင်မြင့်
လွှန်တင့်သာယာ ၊ ထီးထီးသာရပ်
မတ်မတ်တည်ရှိ ၊ မှီမရှိဘဲ
စွမ်းဘိသစ်ပင် ၊ ကြည်ရွှင်သာမော
တောရဲ့အလှ ၊ ရှုမဝနိုင်ပါတကား။

ဟို . . . မြေပြန့်ဘက် ၊ ပင်ချင်းဆက်ကာ
ကိုင်းချင်းပါယှက် ၊ အခက်အလက်တို့
ပူးလျက်တွဲကာ ၊ ထီးမိုးကာသည့်
မြကမ္ဗလာလည်း ၊ သာမောဖွယ်ရာ
ရှုခင်းသာပါတကား။

ဟော . . . ဟိုမှာဘက် ၊ လျှပ်စီးလက်ပြီ
မိုးသက်မုန်တိုင်း ၊ စိတ်ဆင်ရိုင်းနှင့်
အတိုင်းမသိ ၊ တိုက်ခတ်တည့်လျှင်
အပင်ကြီးမား ၊ အထီးသားနှင့်
ကြီးမားစွမ်းအင် ၊ မြင့်မားပင်လည်း
မြေတွင်လဲကျ ၊ သာစကပါတကား။

ပင်မ ပင်စည် ၊ ကြီးနှင့်ချည်သို့
စုံညီ စုစည်း ၊ ရိပ်ကြီးသာစွ
တောအလှကား ၊ ဖြိုကျဝင်စင်း
အလျင်းမရှိ ၊ သာခြင်း သာစွ သာလှလေ
ပင်ချင်းဆက်ထား - ခွန်အားပေ။
ကိုင်းချင်းယှက်ထား - စွမ်းအားဝေ။
မုန်တိုင်းတိုက်ငြား - လဲမသွားပေ။ ။

*(၁၅-၉-၁၉၉၃ နေ့ထုတ် မြဝတီဂျာနယ်၊ စာမူခ ၇၅/-)*

# ပင်လုံစိတ်ဓာတ်

✍ ပင်လုံစာချုပ် ချုပ်ခဲ့တာ
စည်းလုံးညီညီညာ ၊
တိုင်းရင်းစုံစွာ ထိုနေ့အား
အသဲ (သည်း) မှာ စွဲကာထား။
မျိုးချစ်စိတ်အား ၊ တောင်မြင်းမိုရ်
လွှင့်တင်ခဲ့ပါသကို ၊
ဖက်ဆစ်ကိုလေ တို့မမှု
ဖြိုခဲ့ တို့လူထု။
စည်းလုံးမှုနှင့် အရင်းခံ
နယ်ချဲ့ကိုလည်း တို့တွန်းလှန် ၊
နိုင်ငံမြဲရန်ကွဲ့ လွတ်လပ်ရေး
ပြည်ထောင်စုစိတ်မွေး။
တိုင်းပြည်ရှေ့ရေး လူတိုင်းမှာ
တာဝန်ကိုယ်စီပါ ၊
ပင်လုံစိတ်သာ အသဲ (သည်း) မှာစွဲ
အောင်ပန်းတွေက ကြိုလျက်ပဲ။ ။

*(၁-၂-၁၉၉၅ နေ့ထုတ် တို့ကျောင်းသား၊ ကျောဖုံး၊ စာမူခ ၁၀၀/-)*

## နှစ်များခွန်ရှည် အောင်ပန်းဝေ

- မွေးထုံ ကြိုင်လန်း ၊ တော်ဝင်ပန်းမို့
မနွမ်းမကြွေ ၊ နှစ်ကြာရှည်၏
တို့မြေမှာပွင့် ၊ ဤပန်းပွင့်
စဉ်မြလန်းလို့ ၊ မျိုးဂုဏ်တင့်။
- တခြားပန်းလျှင် ၊ နံနက်တွင်ပွင့်
နေဒဏ်သင့်က ၊ နွမ်းလျ ငိုက်မျဉ်း
မြေကြီးသို့ခ
ကြွေကျ ပျက်စီးတော့သည် တကား။
- မြတ်ပန်းတော်ဝင် ၊ ဘုရားမတင်
နတ်မတင်ရ ၊ ဤပန်းလှကား
မြန်မာ့အသည်း ၊ နှလုံးထဲနှင့်
ခေါင်းထဲ မကျန် ၊ စွဲမြဲ ပန်ဆင်
လွတ်လပ်ရေး ပန်းပင် ဖြစ်တော့၏။
- ဤတော်ဝင်ပန်း ၊ အစဉ်လန်းရန်
မြန်မာ့အသက် ၊ မြန်မာ့အသည်း
မြန်မာ့ဖွဲ့ဖြင့် ၊ စွဲမြဲခိုင်ကြည်
ကာကွယ်မည်ဟု
ညီတူဝိုင်းကာ လက်ဆက်နေ။
ပြည်သူတိုင်းမှာ အောင်ပန်းဝေ။ ။

*(၁-၁-၁၉၉၄ နေ့ထုတ်၊ မြဝတီမဂ္ဂဇင်း၊ အဖွင့်ကဗျာ၊ စာမူခ ၁၀၀/-)*

## သားကောင်းစစ်သည်

ကလေးများကို စာပေသင်
မေမေမွေးမိခင် ၊
သားဖခင်က စစ်တိုက်ထွက်
သူသည်တိုင်းပြည်တွက်။

အဖျက်ရန်ကို ချေမှုန်းမယ်
သားလည်းလိုက်ပါ့မယ် ၊
အသက်ကိုကွယ် ဘယ်မမှု
ပြည်သူအကျိုးပြု။

ပြည်သူ့ကောင်းကျိုး ရှေ့တန်းတင်
အသက်ရှည်မည်ပင် ၊
သေပါလျှင်လည်း ငရဲမလား
သားတို့ဇာနည်များ။ ။

*(၄-၃-၁၉၉၅ နေ့ထုတ်၊ ရွှေသွေး၊ စာမူခ ၅၀/-)*

## မွန်မြတ်သော ကရုဏာရှင်များ

✍ ဝုန်း. . . ဒုန်း. . . အသံ ၊ မြေငလျင်သံလား
ဘာသံပါလိမ့် ၊ သိမ့်သိမ့်မြေတုန်
ရင်ခုန်လန့်ကြ ၊ ပြေးလွှားကြနှင့်။

✍ ဟော - သံလမ်းဘက်မှာ ၊ ဗုံးပေါက်တာတဲ့
သွားလာလှုပ်ရှား ၊ ခရီးသွားတွေ
သွေးသံတွေရွှဲ ၊ မျက်ရည်ရွှဲ။

✍ ချက်ချင်းသူတို့ ၊ လက်တို့ခြေတို့
ဖွံ့ဃို့ဖားယား ၊ ပြေးလွှားလာကြ
စေတနာတူညီ ၊ ကြက်ခြေနီ။

✍ ကြက်ခြေနီများ ၊ ရရာအားကို
လက်တားခေါ်ယူ ၊ သယ်ကူဒုက္ခသည်
ဆေးရုံဆီသို့ ၊ အပြေးပို့။

နဖူးကချွေး ၊ ခြေမပြေးစီး
အားကြီးမာန်ရှိ ၊ မေတ္တာပြည့်ဖြင့်
အတိဒုက္ခ ၊ ဖေးကူကြ၏။

သွေးနံ့ချွေးနံ့ ၊ ယမ်းခိုးနံ့က
နှာဝလောင်မြိုက် ၊ ပူအိုက်စပ်ဖျင်း
ဒုက္ခတွင်းမှာ ၊ သူတို့ခများ။

လူမျိုးဘာသာ ၊ မခွဲပါဘဲ
စေတနာဖြူစင် ၊ မေတ္တာရှင်တို့
ပီပြင်လုပ်အား ၊ ပြည့်ရင်ဖွား။

ဟိုတစ်နေ့က ၊ မျက်စိထဲမှာ
ပီတိဖြာမိ ၊ ပေးလာဂုဏ်ပြု
လက်မှတ်ဆုနှင့် ၊ စံပြုရပြီ
ကြက်ခြေနီ။

စေတနာ ဝါသနာ အနစ်နာဖြင့်
ရောက်ရာနေရာ ၊ ကျရာအလုပ်
သူတို့လုပ်ရပ် ၊ မွန်မြတ်သန့်စင်
ကရုဏာရှင်များ ၊ တိုးပွားပါစေ
တောင်းဆုခြွေ၏။ ။

*(၁-၉-၁၉၉၁ နေ့ထုတ် ရောင်ပြန်မှုခင်းမဂ္ဂဇင်း၊ စာမူခ ၅၀/-)*

## သာစွဘာနေ အညာမြေ

- နံနက်ဆည်းဆာ ၊ ရောင်နီဖြာချိန်
ကြည်သာရွှန်းတင့် ၊ ပြုံးပန်းပွင့်နှင့်
မေခင့်အလှ ရှုမဝ။

- လုပ်လှဲ့လုပ်လီ ၊ ဆွမ်းအုပ်နီနှင့်
အတည်တစ်လှည့် ၊ ပြုံးတစ်လှည့်ဝင့်
မေခင့်အလှ ရှုမဝ။

- တောင်ကုန်းမိုမို ၊ စေတီအိုနှင့်
သံချိုခေါ်င်းလောင်း ၊ နွားဝင်စောင်းနယ်
အုန်းမောင်းသံက ၊ သာယာလှဘိ
ရင်ဝလှိုင်းခတ် ၊ တလှပ်လှပ်နှင့်
တောရပ်ဂီတ သာလေစွ။

✍ စုလစ်မွမ်းချွန် ၊ ကျောင်းရိပ်တွင်မူ
ထေရ်မွန်ရဟန်း ၊ ဖန်သက်နိုးနှင့်
မြတ်လမ်းကိုရွေး ၊ သံသရာဘေးမှ
လွတ်ရေးကိုရှာ ၊ လောကုတ္တရာအလှ
သာလေစွ။

✍ တစ်တောဝင်ထွက် ၊ တစ်ရွာဆက်ကာ
နံနက်စာတွက် ၊ တည်ငြိမ်လက်ဖြင့်
ပိုက်လျက်သပိတ် ၊ ရဟန်းရိပ်က
ပီတိဖိတ်ဖြာ ၊ ရွှန်းတင့်သာ၏
ကျေးရွာအလှ သာလေစွ။

✍ ဘုရားကုန်းမြေ ၊ ပတ်လည်မြေတွင်
အမွေပေးသည့် ၊ ပကတိမြသား
ယာကွက်များနှင့် ၊ စိုက်ထားသီးနှံ
ပီတိလျှံပဲ့ သာလေစွ။

✍ ဩော်. . .
ကျေးလက်အလှ ၊ ရှုမဝတည့်
ကျေးလက်အလှ ၊ သာလွန်းလှဘိ
ကြည်မြရွှင်လန်း ၊ အပြုံးပန်းဝေ
အညာမြေ၏ ၊ သာလေသာစွ
သဘာဝအလှ များပါတကား။ ။

(၁-၉-၁၉၉၂ နေ့ထုတ် မြဝတီမဂ္ဂဇင်း၊ စာမူခ ၇၅/-)

## လယ်တောကိုသွားကြမယ်လေ

တောင်ကုန်းအကျော် ၊ တို့လယ်နားကို
နွဲ့ကော်သွားစို့ အထွေးရယ်
နွဲ့စေးမြေကို အသာအုပ်လို့
အိုးပုတ် ချိုးရုပ် လုပ်ကြမယ်
လည်ပို့ချိုထောင် ၊ နွားလှတစ်ရှဉ်းလည်း
အပျင်းပြေကွဲ့ လုပ်ကစားမယ်
ဖေသားနှစ်ကောင် လှည်းယဉ်ကြောနဲ့
အသော့နှင်လို့ မောင်းရမယ်
လယ်တောမှာကွယ် ၊ သူတို့အားနှင့်
ဆန်စပါးတွေ ပေါ်ပြည့်ကြွယ်
နွဲ့ရုပ်တွေကွယ် လုပ်ကစားလို့
တို့တစ်တွေများ ပျော်ကြမယ်
သွားမယ်. . . သွားမယ်။ ။

*(၁-၇-၁၉၉၂ နေ့ထုတ် လုံမလေးမဂ္ဂဇင်း၊ စာမူခ ၇၅/-)*

# ပြုံးရွှင်ရွှင် တိရစ္ဆာန်ဥယျာဉ်

ဖြူနီဝါပြာ ၊ ရောင်စုံဖြာလို့
နုံ့သာမွှေးကြိုင် ၊ ပန်းဂနိုင်လည်း
လှိုင်ပေစွ။

တီတီတာတာ ၊ တစာစာနှင့်
မြည်ကာဟစ်ကြွေး ၊ ချိုသာတေးနှင့်
သံသေးသံမြိုင် ၊ ငှက်ဂနိုင်လည်း
မြိုင်ပေစွ။

ထူးဆန်း ထွေတလာ ၊ များလှပါဘိ
အိုး အာ သံမြိုင် ၊ တိရစ္ဆာန်ဂနိုင်လည်း
မြိုင်ပေစွ။

ပြိုးပြိုးပြက်ပြက် ၊ ရောင်စုံဖက်လို့
ပြုံးလျက်ပျော်လျက် ၊ လက်ချင်းဆက်ခါ
သွက်လက်လှုပ်ရှား ၊ တေးသံများဖြင့်
စည်ကားမြိုင်ဆိုင် ၊ လူဂနိုင်လည်း
မြိုင်ပေစွ။

ဩော်. . . .
ဤဂနိုင်တော ၊ ပန်းစုံတောကား
သာမောဖွယ်ရာ ၊ နှစ်ရှည်ကြာခဲ့
ကြည်သာရွှန်းတင့် ၊ ပြုံးပန်းပွင့်ဝေ
သာလေသာစွ ၊ ရှုခင်းလှကား
အလှချင်းပြိုင် ၊ မြိုင်နေတကား
အမွှေးချင်းပြိုင် ၊ လှိုင်နေတကား။ ။

*(၁-၈-၁၉၉၂ နေ့ထုတ် မြဝတီမဂ္ဂဇင်း၊ စာမူခ ၇၅/-)*

## တိုင်းပြည်အရေး တို့အရေး


✍ ဘိုးဘွားအမွေ လွတ်လပ်ရေးကွယ့်
မမေ့ပါနဲ့ တို့လူငယ်။
သက်နဲ့ထပ်တူ ချစ်မြတ်နိုးကြ
အဘိုးအနဂ္ဃ ထိုက်တန်တယ်။

✍ လွတ်လပ်ရေးကို ကာကွယ်ကြကွယ့်
တို့တစ်တွေရဲ့ တာဝန်ကွယ်။
စာကြိုးစားကာ ပညာတတ်မှ
တိုင်းပြည်ချစ်ရာ ကျပါ့မယ်။

✍ လူကောင်းလူတော် ဖြစ်ဖို့ရေးလည်း
ကြိုးစားပေးဖို့ လိုပါ့မယ်။
တိုင်းပြည်အရေး တို့အရေးကွယ့်
အရေးကြုံက နွှဲရမယ်
နွှဲမယ်. . . နွှဲမယ်။ ။

*(၁-၁-၁၉၉၅ နေ့ထုတ် တို့ကျောင်းသားစာစောင်၊ ကျောဖုံး၊ စာမူခ ၃၅/-)*

# မျိုးချစ်သူရဲကောင်းတို့၏ မြတ်သောအလုပ်



## မျိုးချစ်သူရဲကောင်းတို့၏ မြတ်သောအလုပ်

အို - တိုင်းရင်းသွေးသား ၊ မွေးချင်းများတို့
သွေးခြားတွေရဲ့ ၊ နယ်ချဲ့ကျူးကျော်
ရန်စသော်လည်း ၊ နိုင်ငံတော်တွက်
အသက်ကိုစွန့် ၊ နောက်မတွန့်ဘူး
ကြောက်ရွံ့စိတ်ပယ် ၊ မောင်းထုတ်ဖယ်သော
မြတ်သောအလုပ်။

အို - တိုင်းရင်းသွေးသား ၊ မွေးချင်းများတို့
တို့များတိုင်းပြည် ၊ အခွန့်ရှည်ဖို့
ခိုင်ကြည်သစ္စာ ၊ ဇွဲမဟာဖြင့်
သက်ပါစွန့်သော ၊ မြတ်သောအလုပ်။

အို - တိုင်းရင်းသွေးသား ၊ မွေးချင်းများတို့
တိုင်းကားပြည်ရေး ၊ ဦးဆွေးဆံမြည့်
ဇွဲသတ္တိနှင့် ၊ အမိနိုင်ငံ
ကာကွယ်ရန်စိတ် ၊ ဇာနည်စိတ်မျိုး
ဘုန်းတန်ခိုးမြင့် ၊ အမျိုးသားမာန်
လွှင့်ထူစံထား ၊ မြန်မာ့သားကောင်း
သူရဲကောင်းစိတ် ၊ ပြည့်လျှံဖိတ်သော
မြတ်သောအလုပ်။

အို - တိုင်းရင်းသွေးသား ၊ မွေးချင်းများတို့
တို့များအနှစ် ၊ စွန့်လွှတ်စွန့်စား
ဇာနည်များ၏ ၊ စံထားလောက်ပေ
မြတ်အမွေကို ၊ တို့တွေထိန်းမှ
ချစ်ရာကျမည် ၊ မြန်မာ့သားကောင်း
မျိုးချစ် သူရဲကောင်းများပါတကား။ ။

*(၁-၉-၁၉၉၄ နေ့ထုတ် မြဝတီဂျာနယ်၊ အဖွင့်ကဗျာ၊ စာမူခ ၁၅ဝိ/-)*

## တွဲထားလက်တွေ မဖြုတ်လေနှင့်

သမဂ္ဂါန် ၊ တပေါ်သုခေါ်
သမိုင်းသဘောကို ၊ စောကြောဝေဖန်
အမြင်မှန်တွေး တို့အရေး။
ကိုယ့်ထီးကိုယ့်နန်း ၊ ကိုယ့်ကြွင်းနှင့်
တခမ်းတနား ၊ ခန့်ညားထည်ဝါ
ပြည်မြန်မာတဲ့ ၊ သာယာခဲ့လည်း
နယ်ချဲ့စနစ် ၊ သုံးကြိမ်စစ်နှင့်
ကျွန်ဖြစ်တို့တွေ ၊ နွံနစ်လေခဲ့။

သခင်ဘဝသို့
ပြန်ရဖို့ရေး ၊ လက်မနှေးဘဲ
သွေးချွေးအသက် ၊ တို့ပေးဆက်၍
တို့တွက်လွယ်လပ်ခဲ့ကြသည်။

သူ့ကျွန်ဘဝ
ပြန်မကျရေး ၊ ပြည်အရေးမို့
သက်သွေးပမာ ၊ ထိန်းသိမ်းရာဝယ်
မြန်မာပြည်တွင်း ၊ ညီကိုရင်းတို့
သွေးချင်းပီသ ၊ လက်တွဲကြလျှင်
ဘဝနောင်ရေး ရင်အေးလိမ့်။

တို့သွေးတို့သား ၊ တိုင်းရင်းသားတို့
တွဲထားလက်တွေ ၊ မဖြုတ်လေနှင့်
သူ့ခြေဝင်ရှုပ် ၊ အိုးမဲသုတ်ကာ
ဗရုတ်ဗရက် ၊ တို့အိမ်ကြက်ချင်း
ခွပ်လက်ပြင်းရန် ၊ အိမ်တွင်းဝင်စွက်
သူ့လက်ချက်ကို
သက်သေအရပ် သိစေသော်
မျက်ခြေ (ခြည်) မပြတ် ရှိနေနော်။ ။

*(၁-၈-၁၉၉၀ နေ့ထုတ် ငွေတာရီမဂ္ဂဇင်း၊ စာမူခ ၅၀/-)*

## မြင်ချင်စမ်းပါဘိ

✍ သူ့လိုလူကား ၊ ရှာမှရှား၏
တို့များလူငယ် ၊ နည်းယူဖွယ်ပေ့ါ။

✍ အစားတွင်ကြည့် . . .
အင်အားရှိဖို့ ၊ ဗိုက်ပြည့်ဖို့တွက်
စာနှင့်ဆက်သွယ် ၊ 'အကြည်ရေ . .
ပဲပြုတ်နဲ့နံပြား ၊ စားချင်တယ်' တဲ့
သူတို့ချစ်တတ်ကြပါလေ။

✍ အဝတ်ကိုကြည့် . . .
ကျောမှာအပြဲ ၊ ကုတ်အမွဲနှင့်
ထည်လဲရှုံ့မှု ၊ သူကြွယ်ဝ၏။

✍ အနေကြည့်သော် . . .
ကြွားဝါမော်မောက် ၊ တဖြုတ်ဖြုတ်တောက်သည့်
အံ့လောက်ဖွယ်ရာ ၊ အိမ်ဂေဟာတွင်
ကြည်သာပျော်လှစ် ၊ ဇိမ်မရစ်ခဲ့။

✍ စားဝတ်နေမှု ၊ မြိုးမြဲပြု၍
ပြည်မှုရေးရာ ၊ လွတ်လပ်ပါရေး
အသက်ပေးခဲ့။

ရွှေရေးဆိုရှယ်လစ် ၊ ခေတ်သစ်လှူဘောင်
တို့တည်ထောင်ရေး ၊ လမ်းညွှန်ပေးခဲ့။
သမိုင်းပေးတာဝန် ၊ သူ့လမ်းစဉ်ကို
တာဝန်သိသိ ၊ သစ္စာရှိကာ
တည့်တည့်မတ်မတ် ၊ တို့လုပ်ရပ်ဖြင့်
သူ့ကို ချစ်တတ်ကြပါလေ။

ပန်းတိုင်အရောက် ၊ ခရီးပေါက်ဖို့
ဖြိုးမောက်လုပ်အား ၊ တို့ချွေးများဖြင့်
သူ့အားချစ်ရာ မည်ပါစေ။

တေဇ ရွှေဆောင် ၊ လမ်းစဉ်မောင်တို့
လူ့ဘောင်ကောင်းကျိုး ၊ သယ်ပိုးထမ်းရွက်
တစ်လက်တအား ၊ စွမ်းပကားဖြင့်
လုပ်အားညီညီ ၊ ရွှေသို့ချီသည်
ပန်းချီရှုခင်း ၊ ဤမြင်ကွင်းကို
ဗိုလ်ချုပ်ချက်ချင်း ၊ မြင်စေချင်စမ်းပါဘိ။ ။

*(၁-၅-၁-၈၄ နေ့ထုတ် ရုပ်ရှင်အောင်လံမဂ္ဂဇင်း၊ အဖွင့်ကဗျာ၊ စာမူခ ၂၀၀/-)*

# သာစွ ဌာနေ ရွှေကူမြေ

✍ သာလေစွ ၊ ဌာနေလှ ပခုက္ကူ
စာပေက ရန့်မွှေး
အေးမြ ဇမ္ဗူ။

✍ ပေါကြွယ်ဝ ၊ ယောနယ်က သစ်မျိုးစုံ
ကျွန်းသစ်မှာ ရွှေရောင်ဝင်း
သင်းပျံ့ မွှေးထုံ။

✍ သနပ်ခါး ၊ ပါးကွက်ကျားနဲ့လှပျို့ဖြူ
ရှင်မတောင်ဆို လူတိုင်းသိ
ဖွေးအိ သင်းဖြူ။

✍ ပင်နီတဲ့ ပင်ဖြူတဲ့ ၊ ထွက်ပါတဲ့ မိုးရာအထည်
ပခုက္ကူ ချည်ချောမို့
မက်မောကြသည်။

✍ ကျောင်းတိုက်ကြီး ၊ ရှုမငြီး မြင့်ခန့်ထည်
သာသနာ ရွှေရောင်ဝင့်
ဂုဏ်တင့်လှသည်။

✍ စာကြည့်တိုက် ၊ သိုက်မြိုက်ပါ့ဥယျာဉ်ရွှေ
စာပန်းတွေ ရောင်စုံပွင့်
ထူးတင့် ကျက်သရေ။

✍ ဦးအုံးဖေ
ဝေဖြာတဲ့ စေတနာပန်း။
စာပေဆု သူလှူဒါန်းတယ်......
ကွယ်....ကောင်းမြတ်ဆုလွှမ်း။ ။

*(၁-၁၁-၁၉၉၄ နေ့ထုတ် မြဝတီမဂ္ဂဇင်း၊ စာမူခ ၁၀၀/-)*

## မုန်သားမေတ္တာ ချိန်ခွင်လျှာ

✍ ပြုံး၍ကြည့်လျှင် ၊ ပြုံးရိပ်မြင်၏
ရယ်၍ကြည့်လျှင် ၊ ရယ်ရိပ်မြင်၏
မဲ့၍ကြည့်လျှင် ၊ မဲ့ရိပ်မြင်၏
ငို၍ကြည့်လျှင် ၊ ငိုရိပ်မြင်၏
ကိုယ်တွင်မူလ သဘာဝ။

✍ ပြုံးရယ်မဲ့ငို ၊ ချစ်မုန်းပိုကြ
မလိုဒေါသ ၊ လိုလောဘနှင့်
ဘဝရိပ်မြုံ ၊ လူ့ဇာတ်ခုံတွင်
မျိုးစုံကချိုး ၊ ကောင်းအဆိုးတွေ
အမျိုးထွေပြား ၊ ထင်အရှားပ
မုန်သားမေတ္တာ ချိန်ခွင်ရှာ။

✍ ဤဥပမာ ၊ သင်ခန်းစာယူ
ကောင်းစွာကိုယ်မှု ၊ ကောင်းမှုနှုတ်ဖျား
ကောင်းပြောနှလုံး ၊ အဆုံးဘဝ
ချမ်းသာရလိမ့် ၊ ဘဝဆိုတာ
ရေပွက်ပါ။ ။

*(၁-၂-၁၉၉၄ နေ့ထုတ် ရောင်ပြန်မဂ္ဂဇင်း၊ စာမူခ ၁၀၀/-)*

## ဆန်းစစ်ချက်

အပြောနှင့်အလုပ်
သဘောနှင့်သရုပ်
အသိနှင့်အကျင့်
ဆန္ဒနှင့်ဘဝ
သမ္မာဟုတ်ရဲ့လား
သတိထားပါ ၊
စဉ်းစားစစ်ဆေး
ကိုယ့်ဟာကိုယ်မေးပါ ၊
မယိုင်လဲရမှာက - ဓမ္မချိန်ခွင်လျှာ
ကိုင်စွဲရမှာက - မရှိမပဋိပဒါ။ ။

*(၁-၂-၁၉၉၆နေ့ထုတ် ခရာမဂ္ဂဇင်း၊ ရွှေတန်းကဗျာ၊ စာမူခ ၁၀၀/-)*

## လာခဲ့ပါလေ အိုအဆွေ

- အမျိုးဘာသာ သာသနာ
  စဉ်သာဖူးပွင့်
  မင်္ဂလာထူးတင့် မိမြန်ပြေ (ပြည်)။
- လွတ်လပ်ရေးပန်း
  မြဲဆင်မြန်းသပ
  အသည်းရှင်လန်းကြ မိမြန်ပြေ (ပြည်)။
- စိန်ရွှေရတနာ
  ကုဋေကုဋာ တွင်းထွက်
  ဝေဖြာရွှန်းလက် မိမြန်ပြေ (ပြည်)။
- မေတ္တာစေတနာ
  ခွေရွှာဖြိုးမောက်
  ဝေဖြာတန်ခိုးတောက် မိမြန်ပြေ (ပြည်)။

✍ အပေးအယူမျှတ
ဖေးကူမ လို့
အေးအတူ ပူအမျှ မိမြန်ပြေ (ပြည်)။

✍ အရာရာမှာ
ကိုယ်ချင်းစာတရား
ကရုဏာပွားတဲ့ မိမြန်ပြေ (ပြည်)။

✍ ပေးကမ်းစွန့်ကြဲ
မိုးပုလဲတို့
တဖွဲဖွဲရွာတဲ့ မိမြန်ပြေ (ပြည်)။

✍ မိမြန်ပြေ (ပြည်) ၊ တက်ဖြိုးဝေတဲ့
ရွှေနိုင်ငံသို့ ၊ ဝေလျှံပြည့်သိပ်
မေတ္တာစိတ်ဖြင့် ၊ ဆွေမိတ်အများ
ဖိတ်လွှာပါးသည် ၊ စီးပွားရွှေရည်ဝင်းပါစေ
ကြီးပွားနေခြည် လင်းပါစေ။ ။

*(၁-၈-၁၉၉၄ နေ့ထုတ် မြဝတီဂျာနယ်၊ အဖွင့်ကဗျာ၊ စာမူခ ၁၅၀/-)*


## ကမ္ဘာတစ်ဝန်း သင်ခန်းစာ

နွားကွဲကျားကိုက် ၊ အမိုက်ဗိုလ်ပြိုင်
အပြိုင်မြို့ဖျက် ၊ အသက်ပေါင်းတွေ
ထွက်ရေများစွာ ၊ မြင်ရာမကောင်း
အလောင်းချင်းထပ် ၊ ပြလတ်သရုပ်
စက်ဆုပ်ဖွယ်ရာ ၊ သင်ခန်းစာတွေ
မြင်နေပါလျက် ၊ တွဲလက်ဖြုတ်ရင်
အားအင်ချည့်နဲ့ ၊ စားမယ့်ကြောင်ဖား
အသားမျိုနော် ၊ ဖိတ်ခေါ်သယောင်
အမောင်ကျားဆိုး ၊ ကကြိုးကကွက်
ခပ်သွက်သွက်နှင့် ၊ ဆက်ဆက်လာပါ
ဖိတ်ခေါ်ရာရောက် ၊ ဖောက်ပြန်အတွေး
ပြည်ဖျက်ဆေးကို ၊ ဝေးကရှောင်မှ
ပြည်သူချစ်-
ဝေးကရှောင်ရှား ၊ ပြည့်ချစ်သား
မြန်မာပြည်သား ၊ ဒို့ပြည်သား။

(အမျိုးသား ပြန်လည်ပေါင်းစည်းရေးအောင်ပန်း ထာဝရ ရှင်သန်ရေးသို့)

*(၁-၆-၁၉၉၅ နေ့ထုတ် မြဝတီမဂ္ဂဇင်း၊ စာမူခ ၁၀၀ိ/-)*

# ပွဲဓါညောင်ရေ



## ပွဲခါညောင်ရေ

✍ မေကညာ ပါးကွက်ကျားနဲ့
မျက်နှာထား ချိုချိုသာ
ယဉ်လှပေတာ ၊
ရေအိုးကို ရွက်လို့လာ
စုပေါင်းကာ ကုသိုလ်နွဲ့။
ဒိုးသံသာ မြူး အက
ထူးလှသည့်ပွဲ။

✍ သွန်းလောင်းကာ ရေကြည်မြ
စိမ်းလန်းကြွ ပင်လုံးဖြာ ၊
မြတ်ဗုဒ္ဓ ရည်မှန်းကာ
မင်္ဂလာ ရေစင်ပွဲ။
ငါးလွှတ်ကာ ဘေးမဲ့ပေး
အေးချမ်း ရင်ထဲ။

✍ ဒါနဖြာ ကုသလ
ဇီဝိတ စေတနာ ၊
စဉ်မြဲပါ ဝေဝေဆာ
ရေသီတာ ငြိမ့်သဲ။
နိုးရာပျော် တို့ခလေ့
ကြည်မွေ့ လှိုက်လှဲ့။

✍ အလှတွင် အယဉ်ဆင့်
အသွင်တင့် ညီညာညာ
ထူးတင့်ထည်ဝါ ၊
သွေးချင်းတို့ မြိုင်ဆိုင်စွာ
ရွာဦးမှာ ညောင်ရေပွဲ။
ထုံးတမ်း စဉ်အလာမို့
ပြုံးပန်း ကုဋေကုဋာနဲ့
ပျိုကညာ စီကာတန်း
လှူဒါန်းလို့ခွဲ။ ။

*(၁၅-၅-၁၉၉၄ နေ့ထုတ် မြဝတီဂျာနယ်၊ အဖွင့်ကဗျာ၊ စာမူခ ၁၀၀/-)*

## စွမ်းအားထက်သန် ဇာတိမာန်

- စစ်သားဟူသည် ၊ သားစစ်မည်၏
  တို့ပြည်အတွက် ၊ ခေတ်ဆက်ဆက်ပင်
  ခြေလက်ခန္ဓာ ၊ စွန့်လှူကာနှင့်
  သက်ပါမကျန် ၊ ပေးလှူရန်ကို
  ရည်သန်ထက်မြက် ၊ ဦးထိပ်ရွက်၍
  စစ်ထွက်ခဲ့ကြ။

- ပြည်သူကမွေး ၊ ပြည်သူ့သွေးမို့
  ပထွေးမမျှော် ၊ တွေးမချော်ဘဲ
  ဒွေးတော်မလွှမ်း ၊ လက်ဆင့်ကမ်းလို့
  စိတ်ဝမ်းလက်ညီ ၊ ကျောက်တိုင်တည်သို့
  သံထည်ပမာ ၊ မြင်းမိုရ်ဂွာသို့
  ဘယ်ညာမယိမ်း ၊ ပြည်ရွာငြိမ်းဖို့။

✍ ပွဲထိန်းပေးကာ ၊ ကျဝန်တာကို
လျင်စွာမနှေး ၊ ဝန်မလေးဘဲ
ဦးဆွေးဆံမြည့် ၊ ဖွဲ့သတ္တိဖြင့်
အမိနိုင်ငံ ၊ ရှေ့ရည်လျှံလိမ့်
ဘေးရန်အပေါင်း ၊ ဝေးတုံရှောင်းလိမ့်
တပေါင်းမှတ်တမ်း ၊ ကမ္ဘာလွှမ်းလိမ့်
ရဲစွမ်းသတ္တိ ၊ လာမထိနှင့်
ဇာတိသွေးက ၊ ဆွေးဆွေးနီသား
ယဉ်ကျေးအမွေ ၊ ခွန့်ကြာရှည်သား
ဇာတိမာန်က ၊ ရဲရဲလျှံသား။

✍ တို့သွေး တို့သား ၊ တိုင်းရင်းဖွား
လုပ်သားထု၏ သား
လယ်သမားထု၏ သား
တိုင်းရင်းသားပေါင်းစုံတို့၏ သား
မြန်မာပြည်သား ၊ တို့ပြည်သား
ပန်းမျိုး ကုဋေကုဋာ ပွင့်စေသား။ ။

*(၁-၆-၁၉၉၃ နေ့ထုတ် မြဝတီဂျာနယ်၊ စာမူခ ၇၅/-)*

## မြို့ကျက်သရေ

ဆူးလေတဲ့ ဆူးလေ
မြို့လယ်ကောင် ရွှေရောင်မြူး
ထူးတင့်ကျက်သရေ။

ကပ်ကပ်ပြီးကျော်သွားလို့
ကပ်ကျော်ဘုရားတဲ့လေ
တချို့လေ ခေါ်ကြပြား။

မသိသူတွေ ကျော်ကာသွားပေမယ့်
သိသူတွေ ဖော်ကာစားကြတယ်
ကွယ့်. . . အမှန်နော်မလစ်ပါနဲ့
ဆံတော်စစ်ဘုရား။ ။

*(၁-၉-၁၉၉၆ နေ့ထုတ် မြစ်မခမွေ စာသဝဏ်မဂ္ဂဇင်း၊
ရွှေတန်းကဗျာ၊ စာမူခ ၇၅/-)*

## မြတ်သုခ

အကုသိုလ်ရှောင် ၊ ကုသိုလ်ဆောင်၍
ဖြူအောင်စိတ်ကို ၊ ထားဖို့လိုကြောင်း
ထိုထိုဘုရား မိန့်မှာကြားခဲ့။

ဘုရားတပည့် ၊ ထားသတိနှင့်
ပွားဘိတရား ၊ လက်ကိုင်ထားမှ
အမှားသံသရာ ၊ မလည်ပါဘဲ
နတ်ရွာနိဗ္ဗာန် ၊ ရောက်မည်မှန်လိမ့်
အမြန်ကျင့်မှ - ဤသုံးဝ
ကေန်မုချ - မြတ်သုခ။ ။

*(၁-၁၀-၁၉၉၅ နေ့ထုတ် ဓမ္မပဒေသာမဂ္ဂဇင်း၊ စာမူခ ၁၀၀/-)*

## ပိတောက်သင်းကြိုင် အလှပြိုင်

✍ ပန်းပိတောက်က ကြိုင်လှိုင်တာ
ခါလသကြိန်ပါ။
ပြုံးပန်းဝေဆာ ရွှင်ကြည်နူး
ဂိမှာန်လကွယ် ဒီတန်ခူး။

✍ အလှထူးတဲ့ မိစံပယ်
သနပ်ခါးလေး လိမ်းလို့ခြယ်
ဖျန်းတယ် ၊ ပက်တယ် ၊ လောင်းတယ်နော့်
သူ့ကိုယ်ဟန်လေး ခပ်ကြော့ကြော့
ပြေးလို့ဆော့တဲ့ မနှင်းဆီ
နောက်ကလောင်းလိုက်သည်။
ရွှဲရွဲစိုပြီ ညီအစ်မ
ဖိုးတုပ်အနိုင်ရ။ ။

*(၁-၄-၁၉၉၄ နေ့ထုတ် တို့ကျောင်းသားစာစောင်၊
နောက်ကျောဖုံး၊ စာမူခ ၃၅/-)*

## မွေးမေ့ မေတ္တာ

✍ မေမေ့မေတ္တာ ၊ ပမာလရောင်
ထွန်းပြောင်ခွန်အား သစ်သစ်ထွား။
သားငယ်မေတ္တာ ၊ ပမာမှန်ရောင်
စွမ်းဆောင်ခွန်အား ဝိုးတဝါး။

✍ လရောင်ပမာ ၊ မိမေတ္တာ
မှန်ရောင်ပမာ ၊ သားမေတ္တာ။
သော်တာလရောင် ၊ ထွန်းပြောင်ခွန်အား
သစ်သစ်ထွားတဲ့ ၊ သဲ (သည်း) ကြားချစ်ကြင်
မိခင်မေတ္တာ ၊ စမ်းသီတာကို
ဘယ်ခါမမေ့ လွမ်းတယ်လေ့။ ။

*(၁-၁၁-၁၉၉၀ နေ့ထုတ် ငွေတာရီမဂ္ဂဇင်း၊ စာမူခ ၅၀/-)*

## ချိန်ခွင်လျှာ

ဟိုမှာကြည့်စမ်း ၊ ထွန်စခန်းတွင်း
ရုန်းရင်းခြေကန် ၊ ရှူးရဲသံနှော
နွားတွေမောပြီ ၊ တွဲသောတစ်ရှဉ်း
အားချင်းမမျှ သဘာဝ။

ဟိုမှာကြည့်လေ ၊ ဝင်ငွေကနဲ (နည်း)
သုံးစွဲထွက်ငွေ ၊ မမျှပေလို့
တွေ့လေဒုက္ခ သဘာဝ။

ဟိုမှာကြည့်စမ်း ၊ စိတ်ဝမ်းမညီ
မမီဆင့်တန်း ၊ ကွာလှမ်းမမျှ
ထွေးနွေးရခက် ၊ အိမ်ထောင်ဖက်တွေ
တကျက်ကျက်နှင့် ၊ စိတ်လက်မသာ
ဆင်းရဲပါရ သဘာဝ။ ။

*(ပထမအကြိမ်ထုတ် ၁-၁၂-၁၉၉၄ နေ့ထုတ် ဥဿာမဂ္ဂဇင်း၊
၁၃၅၆ ခု ၊ စာဆိုတော်နေ့အထိမ်းအမှတ်)*

## ခရီးသည် ဘယ်လဲ

✍ ဘယ်မြို့နယ် ဘယ်ဌာန
ဘယ်ရွာက လာခဲ့တယ်
သိပါဘူးကွယ်။

✍ ဘယ်သောခါ ဘယ်ကာလ
ဘယ်တော့မှ ထွက်ခွာမယ်
သိပါဘူးကွယ်။

✍ ဘယ်သို့ဆီ ဘယ်သို့မှန်းလို့
ဘယ်လမ်းကို ဘယ်လိုလျှောက်
ဘယ်ရောက်လိမ့်မယ်
သိပါဘူးကွယ်။

✍ သံသရာခရီးသည်
ယောင်လည်လည် စမ်းတဝါး။
မလွဲမမှားလေနဲ့
အစွဲတရားအတ္တကိုဖြုတ်ပါမှ
အနတ္တအဟုတ်မြင်လို့
မြတ်မဂ္ဂင်ရှေ့ခရီး
နီးလိမ့်တကား။ ။

*(၁-၈-၁၉၉၄ နေ့ထုတ် မြစ်မခစာသဝဏ် မဂ္ဂဇင်း၊ အဖွင့်ကဗျာ၊
စာမူခ ၇၅/-)*

## ဓသင်္ကြန်



# ခါသင်္ကြန်

ခါသင်္ကြန်မှာ တို့တစ်တွေ
ပြုံးပန်း တဝေဝေ။
ပက်လေ ဖျန်းလေ စိုစိုရွှဲ
မြန်မာ့ အတာပွဲ။

လက်တွဲပါလို့ တို့လူငယ်
သက်ကြီးရွယ်အို ကန်တော့တယ်။
ခေါင်းလျှော်ပေးတယ် ဘိုးအဘွား
ပီတိ တဖွားဖွား။

လက်သည်းများကို လှီးပေးရာ
သာဓုထပ်ခါခါ။
ခြေသည်းကိုပါ လှီးပေးတော့
တောင်းဆု ခြွေတယ်နော့။

ကန်တော့ပါလို့ မေတ္တာဝေ
တို့များ နှစ်သစ်ပေ။
ပျော်လေ အမြဲ ရွှင်အမြဲ
မြန်မာ့ သင်္ကြန်ပွဲ။ ။

*(၁-၄-၁၉၉၄ နေ့ထုတ် မြဝတီမဂ္ဂဇင်း၊ စာမူခ ၃၅/-)*

## ဘဝင်သို့တိုင် လှိုင်စေလော့

✍ မွေးသမိခင် ၊ ကျေးဇူးရှင်
မြန်မာစင်စစ် ၊ မြန်မာစစ်။
မွေးသဖခင် ၊ ကျေးဇူးရှင်
မြန်မာစင်စစ် ၊ မြန်မာစစ်။

✍ ကျွန်တော်မွေးဖွား ၊ မြန်ပြည်သား
သွေးသားစင်စစ် ၊ မြန်မာစစ်။
ကျွန်တော်ချစ်ကြင် ၊ မလေးယဉ်
မြန်မာစင်စစ် ၊ မြန်မာစစ်။

✍ ထပ်ဆင့်မွေးဖွား ၊ သမီးသား
သွေးသားစင်စစ် ၊ မြန်မာစစ်။
အမျိုးစစ်မှ ၊ အမျိုးချစ်
ဘိုးဘွားမွေနှစ် ၊ "မောင်မျိုးချစ်" ဟု
ဂုဏ်ယူဟစ်ကြွား ၊ ငါကြုံးဝါးသည်
ထက်ဖျား ဘဝင်တိုင် လှိုင်စေသတည်း။ ။

*(၁၅-၈-၁၉၉၁ နေ့ထုတ် မြဝတီဂျာနယ်၊ စာမူခ ၇၅/-)*

## ပြည်သူ့အတွက် တပ်မတော်

✍ သွေးကျွန်မခံ ၊ မျိုးမာန်မချ
ဘဝသက်ပေး ၊ ဦးဆွေးဆံမြည့်
ပေးသည့်အမိန့် ၊ ခေါင်းညိတ်လက်ခံ
အားမာန်နှင့်ခွဲ ၊ တိုက်ပွဲအလီလီ
အောင်ပြီပြန်ခဲ့ ၊ ကြိုတဲ့ပန်းတွေ
ကြိုင်လှိုင်ဝေ။

✍ ပြည်သူ့မေတ္တာ ၊ သီတာရေအေး
စိမ့်အေးချမ်းမြ ၊ ပြည့်ဝအပြုံး
နှလုံးပီတိ ၊ အားဖြည့်လန်းဆန်း
နှင်းဆမ်းပန်းသို့ ၊ လန်းလှိုသာနေ
ဇာနည်တွေ။ ။

*(၁-၉-၁၉၉၁ နေ့ထုတ် မြဝတီဂျာနယ်၊ စာမူခ ၇၅/-)*

## ခေတ်ဆန်းမြန်မာစာ ရွှေပြည်သာလိမ့်

အတိတ်ကလေ ၊ ရွှေထီးရွှေနန်း
ရွှေကြငှန်းနှင့် ၊ ရွှေလမ်းဖြောင့်ဖြူး
ဂုဏ်အထူးနှင့် ၊ ကြည်နူးဝေစည်
တို့မြန်ပြည်။

ပစ္စုပ္ပန်လည်း ၊ တန်ဖိုးအနှ
စိန်စီမြသား ၊ နီလာများနှင့်
စပါးရွှေဝါ ၊ ကျွန်းရွှေဝါများ
ထည်ဝါကြွေးဘိ ၊ ပေါများဝေစည်
တို့မြန်ပြည်။

ရွှေထီးရွှေတောင် ၊ ရွှေပြောင်ပြောင်နှင့်
ရွှေရောင်ရွှေဝါ ၊ တောက်ပကာလေ
ကြည်နူးဝေစည် တို့မြန်ပြည်။

ရွှေရောင် ရွှေဝါ ၊ ဝင်းလက်စွာနှင့်
မြင်ရာရှုခင်း ၊ စေတီချင်းဆက်
တောင်ကုန်းထက်၌ ၊ သူ့ထက် ငါသာ
ချိုသံသာဆင့် ၊ ထံတျာလွင့်နေ
ကြည်နူးဝေစည် တို့မြန်ပြည်။

အနာဂတ်လည်း ၊ မျိုးမြတ်မြန်မာ
မျိုးဝန်တာကို ၊ ဝန်တာကျေရာ
ကျေပွန်စွာထမ်း ၊ ရွှေ့သို့လှမ်းသော်
ခေတ်ဆန်းမြန်မာ ၊ ရွှေပြည်သာလိမ့်
ညီညာလက်တွဲ ၊ နွဲ့စို့တကား။ ။

*(၁-၈-၁၉၉၂ နေ့ထုတ် မြဝတီဂျာနယ်၊ အဖွင့်ကဗျာ၊ စာမူခ ၁၅၀/-)*

## အောင်ပွဲခြိမ့်ညံ ညီလာခံ

✍ ကျောချင်းမကွာ ရင်ချင်းအပ်
အမြင်ချင်းထပ် ထပ်သူတွေ ၊
အလွန်ချစ်မြတ် မြတ်သူတွေရယ်
ဓာတ်တူသလေ ခိုင်ခိုင်မြဲ ၊
ဇာတ်တူတွေ ဇာတိသွေးရဲသမို့
လာမထိရဲ့ နယ်ချဲ့ရန် ၊
ဘာမထိရဲ့ အမျိုးသားမာန်ရယ်
တန်ခိုးထွားသန် ကမ္ဘာရှား ၊
ဒို့များမြန်မာ မြန်မာများရယ်လို့
ဤကမ္ဘာတစ်လွှား ၊ ထင်ရှားသနော် ၊
ညီစွာရေးသား ညှိနှိုင်းဖော်သည်
ပြည့်တိုင်းတော် သာထွန်းဖို့လေး ၊
ကြည်စွာသွေးသား လက်တွဲခေါ်မည်
တစ်သက်မခွဲသနော် စဉ်နွဲပျော်စို့လေး။ ။

*(၁၅-၈-၁၉၉၅ နေ့ထုတ် မြဝတီဂျာနယ်၊ စာမူခ ၁၀၀/-)*

## ပြည်ထောင်စုအမွေ

✍ နယ်ချဲ့ကို တို့မောင်းထုတ်
ဖက်ဆစ်ယုတ် တိုက်ခဲ့တာ
တို့များမြန်မာ။
အမျိုး ဘာသာနဲ့ သာသနာ
လာမထိပါလေနဲ့။

✍ တိုင်းရင်းသား သွေးစည်းပါလို့
လက်တွဲအား ခိုင်ခိုင်မာနဲ့
ပြည်မြန်မာ သာယာကြောင်းပေမို့
စဉ်အလာ အလွန်တရာ ကောင်းတယ်
သမိုင်းကြောင်းပြခဲ့။

✍ ပင်လုံမှာ စာချုပ်ခဲ့
ဗိုလ်ချုပ်နဲ့ ခေါင်းဆောင်တွေ
တွဲလက်ညီပေ။

✍ ခေါင်းဆောင်တွေ ချစ်ရာကျမယ်
ကွယ်. . . စံပြလို့ထိန်း။
လုပ်ကြစံပြ။ ။

*(၁-၂-၁၉၉၅ နေ့ထုတ် မြဝတီဂျာနယ်၊ အဖွင့်ကဗျာ၊ စာမူခ ၁၅ဝိ/-)*

## အလှမြတ်နိုး စိုက်ပျိုးလေ

🖎 ခရေတန်းနှင့် ၊ ပွင့်ပန်းခရေ
အေးရိပ်မြေက ၊ မွှေးလေကြိုင်လေ
လှိုင်လေဘီ။

🖎 ပိတောက်တန်းနှင့် ၊ ရွှေပန်းပွင့်ဝေ
ရွှေခက်တွေက ၊ မွှေးလေကြိုင်လေ
လှိုင်လေဘီ။

🖎 ငုပင်တန်းနှင့် ၊ တွဲလမ်းပွင့်ဝေ
ရွှေခက်တွေက ၊ ဝင်းလေဝါလေ
လှိုင်လေဘီ။

🖎 ကံ့ကော်တန်းနှင့် ၊ ပွင့်ပန်းဖြူငွေ
ဝတ်မှုန်ရွှေက ၊ မွှေးလေ ကြိုင်လေ
လှိုင်လေဘီ။

🖎 နှင်းဆီပင်တန်း ၊ ရောင်စုံလွှမ်းနေ
ပွင့်ပန်းတွေက ၊ မွှေးလေကြိုင်လေ
လှိုင်လေဘီ။

🖎 မြန်မာ့မြေမှာ ၊ ပဒေသာတည့်
ဝေဆာအလှ ၊ သာမောစွတည့်
အလှမြတ်နိုး ၊ စိုက်ကာပျိုးလို့
ပန်းမျိုးတစ်ရာ ပွင့်ခါလေ။
ပြုံးပန်းကုဋေကုဋာ ဆင့်ပါစေ။ ။

(စိုက်ပျိုးရေးလ ဇူလိုင်မှာ သစ်ပင်စိုက်ကြပါ)

*(၁-၇-၁၉၉၂ နေ့ထုတ် မြဝတီဂျာနယ်၊ အဖွင့်ကဗျာ၊ စာမူခ ၃၅/-)*

## သာစွလေ မြန်မာ့မြေ

✍ လယ်ယာမြိုင်မြိုင် ၊ စွမ်းအားခိုင်ဖြိုး
ဖွံ့မာန်ဟည်းလို့ ၊ မြသီးမြခဲ
ဒီမြေပဲတွေ ၊ ပွတ်သိပ်နေတဲ့
အမိမြေမှာ ၊ အလှဖြာ၍
သာလေသာစွ သာစွလေ။

✍ လေမှာဝှေ့ယမ်း ၊ နှမ်းပင်တန်းက
သီးတန်းပြွတ်သိပ် ၊ တရိပ်ရိပ်နှင့်
စိတ်တွင်ကြည်နူး ၊ ဘဝင်မြူးအောင်
တင့်ထူးဝေဆာ ၊ အလှဖြာ၍
သာလေသာစွ သာလေစွ။


✍ နွေမိုးစပါး ၊ နှစ်သီးစားဖို့
စွမ်းအားပီပြင် ၊ ဆန်းတီထွင်၍
ကောက်ပင်သီးနှံ ၊ ဘယ်ညာသွဲ့လို့
စိမ်းလဲ့မြသား ၊ ဒီမြေသားပင်
လုပ်အားရှင်နှင့် ၊ ကြည်ရွှင်ပြုံးပန်း
လန်းဆန်းဝေလွင် ၊ လယ်တစ်ခွင်မှာ
အလှဖြာ၍ ၊ သာလေသာစွ
သာလေစွ။

✍ "ဆီကို ရေချိုး ၊ ဆေးရိုး မိုးလုံ
စပါးတောင်လိုပုံ" တဲ့
ဆိုတုံ့ခဲ့သား ၊ စကားပမာ
ပြည်ရွာအနှံ့ ၊ အပြုံးဖြန့်ဝေ
ဒို့မြန်မြေ (ပြည်) ကား
သာလေသာစွ သာစွလေ
ဘယာတွေမှန်သမျှ ဝေးကြစေ။ ။

(အောက်တိုဘာလ ၁၆ ရက်၊ ကမ္ဘာ့စားနပ်ရိက္ခာနေ့ကို ကြိုဆိုလျက်)

*(၁၅-၁၀-၁၉၉၄ နေ့ထုတ် မြဝတီဂျာနယ်၊ စာမူခ ၁၀၀/-)*

စေတနာမိုး ရွာသွန်းပြီး



## စေတနာမိုး ရွာသွန်းဖြိုး

ပျဉ်အစဉ် ပြင်ခဏပေမို့
မြင်မြင်သမျှ ပြောင်းလဲနေ ၊
ကြည့်လို့ပဲ မဝပါလေတယ်
အလှ မြန်မာမြေ (ပြည်) တစ်လျှောက်
တိုက်တွေဆောက်လို့ ၊ လမ်းတွေဖောက်တယ်
တံတားတွေက တိုင်းနဲ့ပြည်နယ် အရောက်
ဆည်းမြောင်း တာတမံတွေ အသစ်ဖောက်လို့
ကျိုးသစ်ဆောက် စပါးလျှံ ၊ ထွက်ပြန်တဲ့ ရတနာ တိုး
တို့ဘိုးဘွားတွေရဲ့ အမွေ ၊ ပုထိုးဘုရားတွေ မွမ်းမံ ပြင်လို့
ပြည်ခွင်မှာ သာစေကြောင်းပေမို့ ၊
ကြည့်ရှုင်စွာ စာသင်ကျောင်း ဇရပ် မကျန်ပ
ကောင်းမြတ်တဲ့ သုံးတန် စေတနာတွေနှင့်
ကြည်သဒ္ဒါ စွေရွာဖြိုးပါတဲ့ ၊ ပြည်မြန်မာ စေတနာ မိုး။ ။

*(၁၅-၁၀-၁၉၉၁ နေ့ထုတ် မြဝတီဂျာနယ်၊ စာမူခ ၇၅/-)*

## ပြန်/ဆက် တက္ကသိုလ်

✍ ကောလိပ်တက္ကသိုလ် ၊ ကျောင်းတော်ကိုတက်
ဘွဲ့ လက်မှတ်ရ ၊ အဓိကလား. . .။

✍ စာအုပ်စာပေ ၊ လူမိတ်ဆွေကို
ရှာဖွေလေ့လာ ၊ နေ့စဉ်သာဖတ်
ပညာမြတ်ကို ၊ မတတ်ဘယ်မှာ
ရှိရမှာလဲ. . .။

✍ ပြန်/ဆက်မှာဆို ၊ စာမျိုးစုံက
ရောင်စုံဖူးပွင့် ၊ လှဂုဏ်တင့်လျက်
အသင့်ငုံလင့် ၊ စောင့်ကြိုနှင့်သည်
အသင့်အတွက် တက္ကသိုလ်ပင် မဟုတ်လော။ ။

*(၁-၈-၁၉၉၅ နေ့ထုတ် မြဝတီမဂ္ဂဇင်း၊ စာမူခ ၁၀၀/-)*

## ကြားနာတရား ကျိုးငါးပါး

✍ မကြားဖူးတာ ကြားနာရဖို့
ကြားဖူးသမျှ စင်ကြယ်စေ။
ယုံမှားတာကို လွှန်ကျော်ဖြတ်လို့
အယူဖြောင့်မတ် စိတ်ကြည်ပေ။
တရားနာတဲ့ ကျိုးငါးပါးကွဲ့
တို့များ မှတ်ပါ စဉ်မသွေ။
မှတ်လေ-ကျက်လေ-နာကြားလေ။ ။

*(၁-၇-၁၉၉၆ နေ့ထုတ် မြေပြဒေသာမဂ္ဂဇင်း၊ စာမူခ ၁၀၀/-)*

## သီတင်းကျွတ်ပြီ

✍ ညီမလေးရေ သွားကြမယ်
မီးပုံးဝယ်စို့ကွယ် ၊
အိမ်ရှေ့ပတ်လည် ရောင်စုံချိတ်
မီးရောင် တရိပ်ရိပ် ၊
လမ်းထိပ်မှာလည်း မီးပုံးတွေ
ရောင်စုံရွှန်းတင့်ဝေ ၊
စိတ်လည်းကြည်စေ လန်းရွှင်ပျ
မြတ်ကုသိုလ်လည်းရ ၊
တစ်ပြည်လုံး၏ မြတ်ဒါန
ဗုဒ္ဓကြိုတဲ့ည။ ။

*(၁-၁၀-၁၉၉၇ နေ့ထုတ် တေဇရုပ်စုံ၊ စာမူခ ၁၀ဝိ/-)*

## ဝါလကင်းလွတ် သီတင်းကျွတ်

စိန်ပွင့်တွေ စီအရီ
တွဲလက်ညီ ဝါကျွတ်ပွဲ။
လမ်းစုံမှာ တူပြိုင်နွှဲတဲ့
ရိုးရာဓလေ့ပွဲ။

အိုးစည်နဲ့ ဒိုးပတ်သံ
ဘဝင်ညံ သံမစဲ။
ဝါကျွတ်ခါ ထိန်ထိန်ညီးတယ်
မီးထွန်းတဲ့ပွဲ။

သီတင်းတဲ့ကျွတ်ပြီ
ပြုံးကိုယ်စီပွင့်လန်း။
မောင်နှင့်မယ် လက်ထပ်ပွဲ
နွှဲကြရှင်လန်း။

မောင်နှင့်မယ် တူစုံသွားလို့
ဘိုးဘွားကို ရှိခိုးပူဇော်
ရတ်မြတ်ခါတော်။
ရှင်ပြုံးလို့ တမော်မော်
နိုင်ငံတော် အဝန်း။
တို့ရိုးရာ တို့ဓလေ့မို့
မမေ့ကြစတမ်း။ ။

(၁-၁၀-၁၉၉၇ နေ့ထုတ် ငွေတာရီမဂ္ဂဇင်း၊ စာမူခ ၃၀၀/-)

## နှစ်ဆန်းကမ္ဘာ ပို့မေတ္တာ

📝 "စိတ်ထားကောင်းရင် ၊ ကံကောင်းသည်
စိတ်ထားဆိုးရင် ၊ ကံဆိုးသည်" တဲ့
စိတ်ထားဆိုင်ရာ ၊ ဆိုမိန့်ကာထား
မှန်စကားကို ၊ သည်းကြားမှာထင်
စွဲမှတ်မြင်ကာ ၊ ကြည်သာရွှင်ပြုံး
စိတ်နှလုံးဖြင့် ၊ လုပ်သင့်လုပ်ရာ
လုပ်ငြားပါက ၊ ကောင်းရာကေန်
ရလဒ်မြန်လိမ့် ၊ ကံကောင်းလိမ့်။

📝 တကယ်ဖြစ်ချင် ၊ တကယ်လုပ်
အဟုတ်ဖြစ်ရမည်တဲ့
အလုပ်ဆိုင်ရာ ၊ မိန့်မှာစကား
ဝါကြွားမရှိ ၊ ဝီရိယဖွဲ့
အားမာန်တွဲလို့ ၊ နွဲ့ကြစမ်းလေ
အောင်ပန်းဝေလိမ့် ၊ အောင်သီးဝေဖြိုး
ကျက်သရေတိုးလိမ့် ၊ ရွှေမိုးငွေမိုး
ရွာသွန်းဖြိုးလို့ ၊ အမျိုးဂုဏ်သရေ
တက်ဖြိုးဝေလိမ့် ၊ မြန်မြေ (ပြည်) မင်္ဂလာ နှစ်သစ်မှာ။

"မေတ္တာဟူသည်
အလျှားအနံ မရှိပေမယ့်
အသွားအပြန် ရှိသည်" တဲ့
ဆိုခဲ့စကား ၊
မေတ္တာထားလျှင် ၊ တံ့ငင်ရလဒ်
ကောင်းမြတ်မင်္ဂလာ ၊ ထွန်းသစ်ဖြာလိမ့်
မေတ္တာမိုးရွှေ ၊ ကောင်းကျိုးဝေလိမ့်
စမ်းရေပမာ ၊ အေးချမ်းသာလိမ့်
ပန်းနှယ်ပမာ ၊ ကြူမွှေးပါလိမ့်
မြန်မာပြည်သူ ၊ အောင်သရဖူနှင့်
ဇမ္ဗူတစ်ဝှမ်း ၊ ပြုံးရွှင်လန်းသည်
နှစ်ဆန်းကမ္ဘာ ပို့မေတ္တာ
သစ်လမ်းဝေဖြာ တို့မြန်မာ။ ။

*(၁-၅-၁၉၉၄ နေ့ထုတ် မြဝတီဂျာနယ်၊ အဖွင့်ကဗျာ၊ စာမူခ ၁၀၀/-)*

## အရယ်

သားသားလေးရယ် မှတ်ပါဟယ်
အရယ်တဲ့ကွယ်၊
ရွှတ်ဆိုပါတယ် နေ့စဉ်ပေါ့
ဘေးရန်ကင်းတယ်နော့်၊
မပေါ့မဆ ရွှတ်ဆိုရင်
ကျန်းမာရွှင်လန်း သက်ရှည်အစဉ်
ကောင်းခြင်းမင်္ဂလာနေ့စဉ်ပွား
အရယ်ရွှတ်စို့လား။ ။


*(၁-၄-၁၉၉၅ နေ့ထုတ် မြစ်မခမေမွှေစာသဝဏ်မဂ္ဂဇင်း၊ စာမူခ ၇၅/-)*

## ညီလေးမောင်သို့

မူးယစ်ထုံထိုင်းဆေးဆိုတာ
လူညွန့်တုံးစေမှာ ၊
ရှောင်ပါလေကွယ် ဘယ်မနေး
မူးယစ်အန္တရာယ်ဘေး။
ပေါင်းဖော်လေးတွေ ရှောင်ပါစေ
မူးယစ်ဆေးကိုလေ ၊
မကောင်းမိတ်ဆွေရှောင်ပါမှ
ရမည်မှန်သုခ။
လူငယ့်ဘဝသာယာအောင်
မျိုးဖျက်ဆေးကိုရှောင် ၊
လူ့ဘောင်ကောင်းကျိုးခရီးဆက်
စာကိုမှန်မှန်ကျက်။ ။

*(၈-၁၁-၁၉၈၆ နေ့ထုတ် ရွှေသွေး)*

ဦးညွှတ် ကြိုဆို ဂုဏ်ပြုပါ၏



# ဦးညွတ် ကြိုဆို ဂုဏ်ပြုပါ၏

✍ သူ့လုပ်အားကြောင့် ၊ မြင့်မားမိုးထိ
ရှုကြည့်မဆုံး ၊ တိုက်တာလုံးတွေ
သာလေ သာစွ ၊ ရေတွက်မရနိုင်ပါတကား။
✍ သူ့လုပ်အားကြောင့် ၊ ရှည်လျားမျှော်ခေါ်
လမ်းမတော်တွေ ၊ မျှော်လေမဆုံး
ရှုမဆုံးသည် ၊ သာတုန်းသာလှ
ကတ္တရာလမ်းမကြီးတွေပါတကား။
✍ သူ့လုပ်အားကြောင့် ၊ ဆည်မြောင်းတာတမံ
ရေလျှံ စီးဆင်း ၊ မြလယ်ကွင်းနှင့်
စိုက်ခင်း ပျိုးခင်း ၊ အလှဖန်ဆင်းသည်
ရှုခင်းအလှ ကြည့်မဝနိုင်ပါတကား။
✍ သူ့လုပ်အားကြောင့် ၊ ခံ့ညားထည်ဝါ
ကူးလာယှက်သန်း ၊ တံတားတန်းနှင့်
အံ့မခန်းဖွယ်ရာ ၊ ဆိပ်ကမ်းအလှ
ရှုမဝနိုင်ပါတကား။
✍ သူ့လုပ်အားကြောင့် ၊ စက်များပြည်ဟိန်း
မိုးခြိမ်းသံမျှ ၊ ကုန်ကြမ်းမှသည်
ကုန်ချောဆီသို့ ၊ ဖန်တီးပို့ဆောင်
လှူဘောင်ကောင်းကျိုး ၊ မိုးထိမြင့်မား
ကျေးဇူးများပါတကား။
✍ ဩော်. . . လုပ်အားပိုင်ရှင် ၊ ဖန်တီးရှင်တဲ့
ဂုဏ်အင်ထင်ရှား ၊ တို့များမမေ့
မေဒေးနေ့ကို ၊ ဦးညွတ်ကြိုဆို
ဂုဏ်ပြုလိုက်ပါ၏။ ။

*(၁-၅-၁၉၉၂ နေ့ထုတ် မြဝတီဂျာနယ်၊ အဖွင့်ကဗျာ၊ စာမူခ ၃၅/-)*

## ခါသကြံန်

✍ ပိတောက်ရွှေဝါ ကြိုင်လှိုင်တာ
နွေလ သကြံန်ပါ။
ကန်တော့ကြပါ ဘိုး အဘွား
နှစ်စဉ် ဝတ္တရား။

✍ တို့လူငယ်များ ပျော်ရွှင်စွာ
လက်သည်း လှီးပေးပါ။
ခြေသည်းကိုပါ လှီးပေးတော့
ကုသိုလ် ရတယ်ပေါ့။

✍ ရေကန်တော့ပါ ဘိုးဘွားတွေ
နှံ့သာရည်နဲ့လေ ၊
တို့မြေ (ပြည်) တို့ရွာ ပျော်ရွှင်နွှဲ
မြန်မာ့ သကြံန်ပွဲ။ ။

*(၁-၄-၁၉၉၅ နေ့ထုတ် တေဇရုပ်စုံ၊ စာမူခ ၇၅/-)*

## စက်ဝိုင်းသံသရာ

ရွက်ဝါလေးတွေ ကြွေတော့
ရွက်နုလေးတွေ ဝေသပေါ့။
ကြာလာတော့ ဝါလာမှာ
ဝါလာရင်းနှင့် ကြွေရရှာ။
အဲဒါ. . . ဘဝသံသရာ။

မိုးပုလဲလေးတွေ ဖွဲဖွဲရွာ
စီးဆင်းလိုက်တော့ မြစ်ချောင်းသာ ၊
စုပေါင်းလိုက်တော့ သမုဒ္ဒရာ
ရေငွေ့ပြန်တက် မိုးပြန်ရွာ။
အဲဒါ. . . ဘဝသံသရာ။

မွေးဖွားခြင်းက ဇာတိပါ
အိုနာသေရ မွှေတာ ၊
အနိစ္စ ဒုက္ခ အနတ္တာ
တွေ့ကြုံဆုံကွဲ ၊ ဖြစ်မြဲတံထွာ
အဲဒါ. . . အဲဒါ. . . ဘဝသံသရာ။

*(၁-၄-၁၉၉၅ နေ့ထုတ် မေဓာဝီ မြသာလာ စာစောင်၊ စာမူခ ၁၀၀ိ/-)*

## ပျိုတိုင်းကြိုက်တဲ့ ရွှေနှင်းဆီ

✍ အမိနိုင်ငံ ၊ ကြံ့ခိုင်ရေးနှင့်
ဖွံ့ဖြိုးရေးတွက် ၊ တွဲလက်ညီညီ
ရှေ့သို့ချီတက် ၊ ပေးဆက်လုပ်အား
မနားတမ်းမို့ ၊ ဂုဏ်ယူလို့ပင်
ပြုံးပြုံးရွှင်ပြ ၊ ဘဝတန်ဖိုး
မြတ်နိုးကာလ ၊ တိုင်းပြည်အတွက်။

✍ ပြုံးပန်းဝေလှစ် ၊ ပြည်သူချစ်တို့
ငါတို့စစ်သား ၊ ပြည့်သွေးသားမို့
တို့များတစ်တွေ ၊ တည်ဆောက်လေရာ
ပြည့်ဝန်တာနှင့် ၊ ကာကွယ်နှင်းသက်
အဖျက်ရန်ပေါင်း ၊ ထောင်းထောင်းကြေညက်
တို့တိုက်ဖျက်မည်. . .
တို့တစ်တွေသည် - တိုင်းပြည်အတွက်။

✍ ရောင်သွေးနီနီ ၊ မွှေးထုံကြည်သန့်
(ပြည်) အနံ့တွင်း ၊ လေညင်းနှင်ရာ
ကြိုင်သင်းပါနေ ၊ မောပန်းပြေလို့
တို့ပြေ နှလုံး ၊ ပီတိဖုံးပြီ. . .
ပျိုတိုင်းကြိုက်တဲ့ ရွှေနှင်းဆီပါတကား။ ။

*(၁-၇-၁၉၉၅ နေ့ထုတ် မြဝတီမဂ္ဂဇင်း၊ စာမူခ ၁၀၀/-)*

## လှည်းဘီးပမာ

ကိုယ် နှုတ် နှလုံး ၊ သုံးပါးလုံးတွင်
အစဉ်ယှဉ်တွဲ ၊ ဖြူစင်မြဲက
ရင်ထဲအေးငြိမ်း ၊ ကောင်းမှုကိန်း၏။

မကောင်းမှုလုပ် ၊ နှုတ်မှုညစ်ညမ်း
စိတ်ဝမ်းမဖြူ ၊ ကျင့်သောသူကား
နွားမူကောက်ကောက် ၊ ခြေရာနောက်သို့
တောက်လျှောက်လိုက်ပါ ၊ လှည်းဘီးသာပဲ
မကွာဆင်းရဲ ၊ တွေ့စမြဲတည်။

မကောင်းရာလုပ် ၊ မဟုတ်တာပြော
မှားသောအကြံ ၊ မိုက်ပြစ်ဒဏ်ကား
တစ်ရံမခြား ၊ လိုက်ပါငြားရှ်
အမှားဒဏ်ရာ ၊ မဆုံးခြာလည်
သံသရာ စက်ရဟတ် မပြတ်တကား။ ။

(၁-၅-၁၉၉၆ နေ့ထုတ် ဓမ္မပဒေသာမဂ္ဂဇင်း၊ စာမူခ ၁၀၀/-)

## တောင်မြင်းမိုရ်သို့

- မျိုးချစ်စိတ်ကို ၊ တောင်မြင်းမိုရ်သို့။
- ဇာတိသွေးဆောင် ၊ ဝေရက်တောင်သို့။
- စေတနာထား ၊ ရွှေပုပ္ပါးသို့။
- မေတ္တာချစ်ကြင် ၊ စမ်း-လသွင်သို့။
- ကြည်ဖြူသဒ္ဒါ ၊ ပေးလှူကာဖြင့်
  ပြည်ရွာအလှ ၊ ဖန်ဆင်းကြပြီ
  မြန်မာ့အလှ ထာဝရ။
  မည်သူကများ တုနိုင်ပါ့။
  ဘေးဘယာမှန်သမျှ ဝေးရှောင်ပ။
  ကြံ့ခိုင်ဖွံ့ဖြိုး တိုးတက်လှပနေပါပြီတကား။ ။

*(၁-၁၀-၁၉၉၄ ဂါးဒီးယန်းမဂ္ဂဇင်း၊ ရွှေတန်းကဗျာ၊ စာမူခ ၃၅/-)*

## မေဒေး အဓိဋ္ဌာန်

✍ ဘိုးလှကြီးတို့ တို့ရဲခေါင်
လုပ်သားထု ခေါင်းဆောင် ၊
တို့ပြည်ထောင် လွတ်လပ်ရေး
ကြွေးကြော် သူဟစ်ကြွေး။

✍ မေဒေးနေ့ထူး ဒီချိန်ခါ
မမေ့ များသူငါ ၊
ဥပဒေပါ အခွင့်အရေး
သူ တိုက်ယူခဲ့ပေး။

✍ သူ့ကျေးဇူးကို မမေ့ပါလျှင်
ကုန်ထုတ်စွမ်းအား မြှင့်လို့တင် ၊
ဖွံ့ဖြိုးစည်ပင် တိုးတက်ဖို့
အစွမ်းကုန် ထုတ်လုပ်စို့။ ။

(၁-၅-၁၉၉၅ နေ့ထုတ် တေဇ နောက်ကျောဖုံး၊ စာမူခ ၁၀၀/-)

## ကြံ့ခိုင်ရေး

ကြံ့ခိုင်ရေးလို့ ဆိုတာဟာ
ကိုယ်ရော စိတ်ရောပါ ၊
မယိမ်းယိုင်ပါ ဖြောင့်ဖြောင့်မတ်
စိတ်ဓာတ် မွန်မွန်မြတ်။
စည်းကမ်း ဖြောင့်မတ် ကြိုးစားရင်
အောင်ပွဲ ရမည်ပင် ၊
စည်းလုံးထားရင် အင်အားဖြစ်
အမိမြေကိုချစ်။
ခွန်အားစစ်နဲ့ တည်ဆောက်ရင်
ပြီးမြောက်အောင်ပန်းဆင် ၊
ပြုံးပန်းဝေလွှင် သာယာဖို့
စုပေါင်းလုပ်ဆောင်စို့။ ။

(၁-၁-၁၉၉၅ နေ့ထုတ် တေဇရုပ်စုံ အထူးထုတ်၊ စာမူခ ၁၅၀/-)

# ကျောင်းသား အားကစားပွဲတော်



## ကျောင်းသား အားကစားပွဲတော်

✍ အားကစားပွဲ နွှဲပါစို့ တူပျော်ပျော်
တို့တစ်တွေ အတူတွဲ ပြိုင်ပွဲကွဲ့နော်။
နိုင်ငံတွက် လူကောင်း လူတော်
ဖြစ်အောင်နော် တို့ကြိုးစား။

✍ ဘက်စုံ တိုးပွားစေဖို့
တက်စုံ ရှက်ကုန် လွှင့်သွားပါမှ
ကမ္ဘာမှာ မြန်မာ့အားကစားရယ်လို့
မြန်မကြာ အမှန်ပဲ ကျော်ကြားပါလိမ့်
သားကောင်းနော် ရတနာစစ်ပါကွဲ့
ပြည်တော်ချစ်တဲ့ သား။ ။

*(၁၅-၁၁-၁၉၉၄ နေ့ထုတ် မြဝတီဂျာနယ်၊ အဖွင့်ကဗျာ၊ စာမူခ ၁၀၀/-)*

## ရွှေမိုး ငွေမိုး

✍ မရှိအတူ ၊ ရှိအတူ
အေးအတူ ၊ ပူအမျှ
သာတူညီမျှ ၊ စားနိုင်ကြမှ
ဒေသတူချင်း ၊ ဆွေမျိုးရင်း။

✍ မရှိအတူ ၊ ရှိအတူ
အေးအတူ ၊ ပူအမျှ
သာတူညီမျှ ၊ ဝတ်နိုင်ကြမှ
ဘဝတူချင်း ၊ သွေးသွားရင်း။

✍ မရှိအတူ ၊ ရှိအတူ
အေးအတူ ၊ ပူအမျှ
သာတူညီမျှ ၊ နေနိုင်ကြမှ
စာဂတူချင်း ၊ ညီနောင်ရင်း။

✍ အရေးကိစ္စ ၊ တွေ့ကြုံရတိုင်း
ဖေးဖကူညီ ၊ စိတ်မြတ်ကြည်မှ
ရွှေပြည်တန်ဖိုး ၊ ကျက်သရေတိုး၍
ရွှေမိုးငွေမိုး ၊ ရွာလိမ့်တကား။ ။

*(၁-၉-၁၉၉၃ နေ့ထုတ် မြဝတီဂျာနယ်၊ စာမူခ ၇၅/-)*

## သတ္တိ မာန်ဟုန် လေထီးခုန်

တို့များတစ်တွေ လေထီးဖွင့်
ခုန်ဝံ့ပါ့ လက်တွေ့ပေ ၊
ကျားတွေနဲ့ ရင်ပေါင်တန်း
လိုက်စမ်းပါ့ဟေ ၊
တို့ပြည်အတွက် တို့တစ်တွေ
အသက်ပင် သေစေ မနှေး ၊
မျိုးမြန်မာ ဇာတိသွေးပေမို့
လက်တွဲကာ ဝိုင်းရံ မနှေးပါဘု
ကမ္ဘာမှာ ပြိုင်စံ ပဂေးပါ့ကွဲ
သွေး သတ္တိ မွေး။ ။

*(၁၅-၁၁-၁၉၉၃ နေ့ထုတ် မြဝတီဂျာနယ်၊ စာမူခ ၇၅/-)*

## လွတ်လပ်ရေး

ကျောက်တိုင်ကြီး
ဟီးနေပ၍ မိုးထိအောင်
ထင်ရ မြင်းမိုရ်တောင်။
အမျိုးရဲ့ ဂုဏ်ကိုဆောင်
တို့တိုင်းဘောင်တလွှား။
အမျိုးရဲ့ ကျက်သရေဆောင်
တို့ညီနောင် သွေးချင်းများ ၊
အဖိုးအနဂ္ဃ ရတနာ စိန်တောင်များပေမို့
ဘိုးဘွားအမွေထိန်းကာ သွားစို့ကွယ်
မျိုးချစ် ဇာနည်ဖွား။ ။

(၁-၁-၁၉၉၅ နေ့ထုတ် မြဝတီဂျာနယ်၊ စာမူခ ၁၀၀/-)

# ပွင့်ဦးမေတ္တာ



## ပွင့်ဦးမေတ္တာ

✍ ပွင့်ဦးမေတ္တာ
ပွင့်ပါလျက် စဉ်အမြဲ။
ထုံဝတ်ရည်ကြိုင်လှိုင်သင်း
ဝင်းဖန့်လျက်ပဲ။

✍ ဘဝတလူလူ
အလှပျိုဖြူတို့
မျှယူလို့ ဆင်သမြဲ။
ပန်းဆွတ်ချူ မောင်မယ်လှမ်းလို့
ကမ်းလင့်အောင်ပွဲ။ ။

*(၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလထုတ် ပွင့်ဦးရုပ်စုံမဂ္ဂဇင်း၊ အမှတ်စဉ် ၆၊ စာမူခ ၁၀၀/-)*